# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပထမဝါဆိုလဆန်း ၉ ရက်၊ ၂၀၁၀ ခုနှစ်၊ ဇွန် ၂၀ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၉)၊ အမှတ် (၂၅၈)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ကြာအင်းဆိပ်ကြီးမြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်း ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇွန် ၁၉**

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၇ရက် နံနက်ပိုင်းက ကြာအင်းဆိပ်ကြီးမြို့နယ် ပြည်သူ့ဆေးရုံအတွင်း ကြည့်ရှုစစ်ဆေးကာ ဆေးကုသမှုခံယူလျက်ရှိသော လူနာများအား ချီးမြှင့်ငွေများ ပေးအပ်သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ တိုင်းမှူးသည် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက ကျောင်းအပ်နှံပြီးစီးမှု၊ စာသင်ကြားမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စာသင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

**ပေးအပ်လှူဒါန်း**

ဆက်လက်၍ တိုင်းမှူးသည် ကတိုးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားပြီး ကျောင်းအတွက် စာရေးကိရိယာများကို ပေးအပ်လှူဒါန်းသည်။

*စာမျက်နှာ ၆ ကော်လံ ၅* ❐

# ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး အစိတ်အပိုင်း မန္တလေး-မိတ္ထီလာလမ်းပိုင်း အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိ

* သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
* ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)
* စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

**မိတ္ထီလာ ဇွန် ၁၉**

မိတ္ထီလာမြို့မှအထွက် မော်တော်ကားလမ်းက ဖြောင့်ဖြူးညီညာလျက်....။ အဖုအထစ်မရှိအောင် နိုင်လွန်ကတ္တရာခင်းထားသဖြင့် မော်တော်ကားစီးရသည်မှာ သက်သောင့်သက်သာရှိလှသည်။ ပြေပြစ်ညီညာစွာဖြင့် စံချိန်မီခင်းထားသော မော်တော်ကားလမ်း အဆင့်မြှင့်တင် ပြုပြင်ထားမှုကို သိရှိရန် မန္တလေး-မိတ္ထီလာလမ်းပိုင်း အဆင့်မြှင့်တင် တိုးချဲ့ဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ မြန်မာ့အလင်းသတင်းအဖွဲ့ ရောက်ရှိလေ့လာခဲ့သည်။

**ထွက်ပေါ်လာ**

ရန်ကုန်-မန္တလေး ကားလမ်းမကြီးကို အဆင့်မြှင့်တင်ပြီး ခြောက်လမ်းသွား ပြည်ထောင်စုလမ်းမကြီး တိုးချဲ့ဖောက်လုပ်ခြင်းကို တိုင်းရင်းသားလုပ်ငန်းရှင်များအား နိုင်ငံတော်က လုပ်ကိုင်ခွင့်ပြုခဲ့သည်။ ထိုနည်းတူ နိုင်ငံတစ်ဝန်း နေရာဒေသအသီးသီးတွင်လည်း တိုင်းရင်းသားလုပ်ငန်းရှင်များက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို တတ်စွမ်းသမျှ ပါဝင်တာဝန်ယူ လုပ်ကိုင်နေကြသဖြင့် အချိန်တိုအတွင်း ကြာရှည်ခိုင်ခံ့ပြီး စံချိန်စံညွှန်းပြည့်ဝသည့် မော်တော်ကားလမ်းများ ထွက်ပေါ်လာနေပြီဖြစ်သည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❍



မော်တော်ကားလမ်းကို ပျက်စီးထိခိုက်စေနိုင်သည့် တန် ၆၀ထက် ပိုမိုတင်ဆောင်ခြင်းမရှိစေရန် မန္တလေး-မိတ္ထီလာလမ်းပိုင်းတွင် ဤသို့ စစ်ဆေးရေးဂိတ်များ ထားရှိဆောင်ရွက်သွားမည်ဖြစ်သည်။



မန္တလေး-မိတ္ထီလာလမ်းပိုင်းကို ဤသို့ အဆင့်မြှင့်တင်ဆောင်ရွက်ထားမှုကြောင့် မော်တော်ယာဉ်များ အန္တရာယ်ကင်းစွာ မောင်းနှင်နိုင်မည်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ ခုနှစ် ဇွန် ၂၀ ရက်)

# ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆတက်ထမ်းပိုး ကြိုးပမ်းစွမ်းဆောင်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်ရာတွင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်(၅)ရပ်ကို ထည့်သွင်း အကောင်အထည်ဖော်လျက်ရှိသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)တို့ ပူးပေါင်းဆောင်ရွက်သည့် လှည်းကူးမြို့နယ် စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းအဆောက်အအုံ၊ လမ်းတံတားများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇွန်လ ၁၁ရက်နေ့က ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စခန်းကြီးကျေးရွာ ကျေးရွာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါစီမံကိန်းမှာ ရန်ကုန်တိုင်း လှည်းကူးမြို့နယ် စခန်းကြီးကျေးရွာ၊ ကျောက်ကဒင်ကျေးရွာနှင့် ခနောင်ကျေးရွာတို့တွင် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအသီးသီး၌ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ပေးသော စီမံကိန်းဖြစ်သည်။

စိုက်ပျိုးရေးနှင့်စပ်လျဉ်း၍ အော်ဂဲနစ်သီးနှံ စိုက်ပျိုးထုတ်လုပ်ရေး၊ မျိုးကောင်းမျိုးသန့် ပြောင်းလဲအသုံးပြုရေး တစ်နိုင်တစ်ပိုင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထို့ပြင် ကျေးလက်ပြည်သူများ ပညာသင်ကြားမှု အထောက်အကူပြုသည့် စာသင်ကျောင်း၊ ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာ၊ ကျောင်းသုံးပရိဘောဂများ ပံ့ပိုးပေးမည်ဖြစ်သည်။

ကျန်းမာရေးကဏ္ဍတွင်လည်း ဆေးခန်းဆောက်လုပ်ပေးခြင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ကျန်းမာရေးနှင့် ညီညွတ်သည့် ပတ်ဝန်းကျင် ဖန်တီးပေးခြင်းတို့ကို ဆောင်ရွက်ပေးပြီး စီမံကိန်းဆိုင်ရာ အဆောက်အအုံဖြစ်သည့် စာသင်ကျောင်းတစ်ကျောင်း၊ ကျေးရွာခန်းမသုံးခု၊ လမ်း၊ တံတားများကို ဖောက်လုပ်တည်ဆောက်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ကျေးလက်ပြည်သူတို့၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကို ဘက်ပေါင်းစုံမှ ဖြည့်ဆည်းပေးလျက်ရှိရာ ကျေးလက်ပြည်သူများအနေဖြင့် ရရှိပြီးဖြစ်သော ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများအပေါ် လုံ့လဝီရိယဖြင့် ခွန်အားစိုက်ထုတ်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆတက်ထမ်းပိုး ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၆-၂၀၁၀(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဋ္ဌာန်းပါဠိတော်+ပရိတ်နိဒါန်း မင်္ဂလသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **မေတ္တာဖြူဖွေးအလှူပေး** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၇:၀၀ MRTV-4 သတင်း
၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (Asia Care Pateints' Satisfaction Center ဖွင့်ပွဲ)
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၂)
၈:၃၀ ရွှေမြိုင်ဆန်တန်းမှ ဓမ္မပန်းကလေးများ
၈:၄၅ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (နှစ်ကျုပ်ကွက်နင်းတဲ့ယောက်ဖ)
၉:၁၀ သဘင်အစွမ်း မိုးဆန်းပန်း
၉:၃၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို (စက်မှုတက္ကသိုလ်)]
၁၀:၃၅ Parkway Healthcare မှ အသည်းရောဂါအထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံခြင်း
၁၁:၁၀ ရန်ကုန်မြင်ကွင်းကျယ် (Summit International Learning Centre School Concert)
၁၁:၂၅ ကျန်းမာလှပသွယ်လျဖို့ Smart Girl ကို သွားကြစို့
၁၁:၄၅ Road to Highest Competition (Germany)
၁၂:၀၅ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၀)
၁၂:၂၀ ရန်ကုန်မြင်ကွင်းကျယ် (Asia Care Pateints' Satisfaction Center ဖွင့်ပွဲ)
၁၂:၄၅ လှပသောအနာဂတ်ရောင်စဉ်တန်းများဖြင့် မီးပန်းပွဲတော်
၁:၀၀ **မေတ္တာဖြူဖွေးအလှူပေး** တရားတော် (ယောဆရာတော် ဘဒ္ဒန္တသိရိန္ဒာဘိဝံသ)
၂:၀၀ MRTV-4 သတင်း
၂:၄၅ စကားနပန်း (အိမ်နီးနားချင်းနဲ့ အရောဝင်တာကောင်းတယ်၊ အိမ်နီးနားချင်းနဲ့ အရောမဝင်တာကောင်းတယ်)
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၂)
၄:၁၅ သဘင်အစွမ်း မိုးဆန်းပန်း
၄:၄၀ ရွှေမြိုင်ဆန်တန်းမှ ဓမ္မပန်းကလေးများ
၅:၀၀ Parkway Healthcare မှ အသည်းရောဂါ အထူးကုဆရာဝန်ကြီးများနှင့် တွေ့ဆုံခြင်း
၅:၃၀ MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀ MRTV-4 သတင်း
၆:၂၀ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နွဲ့ယဉ်ဝင်း)
၆:၅၀ ဗီဒီယိုပြခန်း
၇:၁၀ ရန်ကုန်မြင်ကွင်းကျယ် Summit International Learning Centre School Concert
၇:၂၅ FMF Selection
၈:၀၀ MRTV-4 သတင်း
၈:၃၀ စကားနပန်း (အိမ်နီးနားချင်းနဲ့ အရောဝင်တာကောင်းတယ်၊ အိမ်နီးနားချင်းနဲ့ အရောမဝင်တာကောင်းတယ်)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၂၂)
၁၀:၁၀ ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာချစ်တဲ့ ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၀)
၁၀:၂၅ Sports World (Sunday Special)
၁၁:၅၀ အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (နှစ်ကျုပ်ကွက်နင်းတဲ့ယောက်ဖ)
၁၁:၁၅ Road to Highest Competition (Germany)
၁၁:၃၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (နွဲ့ယဉ်ဝင်း)
၁၂:၁၀ ဗီဒီယိုပြခန်း
၁၂:၂၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

## နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံပြုလုပ်ပြင်ဆင်နည်း သင်တန်းဖွင့်မည်

ရန်ကုန် ဇွန် ၁၉

ပြည်တွင်းပြည်ပရှိ Hotel, Restaurant နှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်လိုသူများနှင့် ကိုယ်ပိုင်လုပ်ငန်းတွင် ကျွမ်းကျင်သူတစ်ယောက်အဖြစ် လုပ်ကိုင်လိုသူများအတွက် ရည်ရွယ်၍ International Bakery & Pastry Course (နိုင်ငံတကာအဆင့် ပေါင်မုန့်၊ ကိတ်မုန့်နှင့် မုန့်မျိုးစုံ ပြုလုပ်ပြင်ဆင်နည်း သင်တန်း) သင်တန်းအပတ်စဉ်အသစ်ကို ဇွန်လနောက်ဆုံးပတ်အတွင်း Star Resources Hospitality Management Academy ၌ ဖွင့်လှစ်မည် ဖြစ်သည်။

### အခမဲ့ကူညီပေး

Institute of Hospitality (UK) နှင့် Institute of AH & LA (USA) မှ သတ်မှတ်ထားသော Course Guide Line များနှင့်အညီ နိုင်ငံတကာအတွေ့အကြုံရှိ ဆရာ ဆရာမများကိုယ်တိုင် တတ်မြောက် ကျွမ်းကျင်အောင် အထောက်အကူပြုပစ္စည်းအစုံအလင်ဖြင့် စနစ်တကျ သင်ကြားပေးမည်ဖြစ်သည်။ သင်တန်းတက်ရောက်နေစဉ်နှင့်သင်တန်းတက်ရောက်ပြီးသူများအတွက် လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန်နှင့် ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်လိုသူများအတွက် လိုအပ်သော အကူအညီများ အခမဲ့ကူညီပေးသွားမည် ဖြစ်သည်။

### ဖွင့်လှစ်သင်ကြား

ထို့အပြင် IELTS Foundation Course နှင့် Intensive Course ကိုလည်း Star Resources Hospitality Management Academy တွင် ဇွန်လနောက်ဆုံးပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်သည်။

### ဆက်သွယ်စုံစမ်း

သင်တန်းကာလမှာ သုံးလ ကြာမြင့်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း(၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀-၂၀၃၀၂တို့သို့ ဆက်သွယ်စုံစမ်း၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**



## နေပြည်တော်ရှိ အခြေခံပညာအထက်တန်းကျောင်းများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၁၉

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် တာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်းများသို့ လှည့်လည်၍ အလယ်တန်းအဆင့်နှင့် အထက်တန်းအဆင့်တို့၌ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုစစ်ဆေးရာ **(အပေါ်ပုံ)** သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများနှင့် အတန်းမှူးများက ၂၀၁၀ တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်ရာခိုင်နှုန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

### တိုက်တွန်းမှာကြား

ထို့နောက် ဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးပြီး အားပေးစကားပြောကြားကာ ကျောင်းသားကျောင်းသူများအား ယဉ်ကျေးလိမ္မာသည့် ထူးချွန်ထက်မြက်သူများဖြစ်အောင် ကြိုးစားသင်ယူကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ဆေးရုံသုံးပစ္စည်းများ ရေးမြို့၌ ပေးအပ်လှူဒါန်း

ရေး ဇွန် ၁၉

မွန်ပြည်နယ် ရေးမြို့နယ် ပြည်သူ့ဆေးရုံကြီးသို့ ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၁ရက် မွန်းလွဲ ၂နာရီက ပြည်သူ့ဆေးရုံရှင်းလင်းဆောင်၌ ကျင်းပသည်။

### ပေးအပ်လှူဒါန်း

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးနေထွန်းအောင်က အမှာစကားပြောကြားပြီး အလှူရှင်များက သွေးလွန်တုပ်ကွေးရောဂါကုသရေး အထောက်အကူပြု သွေးစစ်စက်ကို ပေးအပ်လှူဒါန်းရာ **(ယာပုံ)** မြို့နယ်ဥက္ကဋ္ဌက လက်ခံယူသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုးငြိမ်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**(မြို့နယ် ပြန်/ဆက်)**





# သွေးလှူရှင်များနေ့ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနား

## တိုင်းမှူး ဗိုလ်ချုပ်စိုးဝင်း တက်ရောက်

**နေပြည်တော် ဇွန် ၁၉**

ကမ္ဘာ့သွေးလှူရှင်များနေ့နှင့် စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၄ ရက်၊ နံနက်ပိုင်းက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးဝင်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သွေးအလှူရှင်များ လူမှုရေးအသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ချီးမြှင့်**

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး သွေးလှူရှင်များအား ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

**လက်ခံ**

ထို့နောက် တိုင်းမှူးသည် သွေးလှူရှင်အသင်းသို့ လှူဒါန်းငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**မှာကြား**

ထို့နောက် တိုင်းမှူးသည် ခန်းမအတွင်း သွေးလှူဒါန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(အပေါ်ဝဲပုံ) (သတင်းစဉ်)

# အားကစားဝန်ကြီးဌာန ၂၀၁၀-၂၀၁၁ ပညာသင်နှစ်

## ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာရေးကိရိယာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇွန် ၁၉**

အားကစားဝန်ကြီးဌာနဝန်ကြီးနှင့် ဝန်ကြီးရုံး၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ တွေ့ဆုံပွဲနှင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း နေပြည်တော်၌ ပညာသင်ကြားလျက်ရှိသည့် ဝန်ထမ်းသား သမီး ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ခြင်း အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့် တက်ရောက်၍ ဝန်ထမ်းများအနေဖြင့် မိမိလုပ်ငန်းခွင်နှင့် နေအိမ်များတွင် စည်းကမ်းတကျ လုပ်ကိုင်နေထိုင်သွားလာရေး၊ မြေပိုမြေလွတ်များတွင် ပန်းအလှပင်၊ အရိပ်ရပင်နှင့် သီးပင်စားပင်များ တစ်ပိုင်တစ်နိုင် စိုက်ပျိုးကြရေး၊ စက်သုံးဆီ၊ လျှပ်စစ်မီး၊ ရေနှင့်တယ်လီဖုန်း စသည်တို့ကို ခြိုးခြံချွေတာသုံးစွဲကြရေးနှင့် လုံခြုံရေးသတိ အမြဲရှိကြရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာ တာဝန်ခံ အရာရှိများက ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ဝန်ကြီးက တင်ပြချက်များအပေါ် ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ် အမှာစကားပြောကြား၍ ဝန်ထမ်းအိမ်ရာများအလိုက် သစ်ပင်စိုက်ပျိုးထားရှိမှု ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ဝန်ထမ်းများအား ဆုကြေးငွေများကို ပေးအပ်ချီးမြှင့်သည်။

**ရုပ်သိမ်း**

ယင်းနောက် ဝန်ကြီးသည် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွင်း နေပြည်တော်၌ ပညာသင်ကြားလျက်ရှိကြသည့် ဝန်ထမ်းသား သမီး ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

(သတင်းစဉ်)



အားကစားဝန်ကြီးဌာနဝန်ကြီး သူရဦးအေးမြင့် ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ဝန်ထမ်းသား သမီး ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ၊ ကျောင်းသုံး ဗလာစာအုပ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်စဉ်။ (သတင်းစဉ်)

# စပါးစိုက်ပျိုးမြေများ လျော့ပါးမှုမရှိရေး လှိုင်ကူးမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၁၉

ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမန်းစိုးဟန်သည် စပါးစိုက်ပျိုးမြေ မလျော့ပါးရေးအတွက် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စုရှိ လယ်မြေပေါ်တွင် ငါးကန်တူးဖော်နေမှုကို ဇွန် ၁၂ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ ၂၀၁၀ ခုနှစ်တွင် စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်စေရေးအတွက် ပြည်နယ်၊ တိုင်း နယ်မြေအလိုက် တာဝန်ရှိသူများအား တာဝန်ခွဲဝေသတ်မှတ်ပေးပြီး ဇွန်လအတွင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

(ကြေးတိုင်နှင့်မြေစာရင်း)

# ဒို့ကျေးရွာဂျာနယ်ထုတ်ဝေပြီ

*ရန်ကုန် ဇွန် ၁၉*

*ဒို့ကျေးရွာဂျာနယ်အတွဲ(၇)၊ အမှတ် (၁၂)ကို ဇွန် ၁၅ ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်သည်။ ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် လယ်သမားများ ပြုပြင်ရမည့် စပါးအထွက်တိုးနည်းပညာများ၊ နဂါးမောက်သီးစိုက်ပျိုး တောင်သူများဝင်ငွေတိုး၊ စပါးကောင်းချင် မြေကိုပြင်၊ စိုက်ပျိုးရေး နည်းစနစ်ကောင်းများကျင့်သုံးမှ ဈေးကွက်ရရှိမည်၊ ဝင်ငွေပြည့်လျှံ ဒို့ကွမ်းခြံ စသည့် စိုက်ပျိုးရေးဆောင်းပါးများ၊စီးပွားဖြစ် ဝက်မွေးကြစို့၊ ကြိုတင်ကာကွယ်ထားနိုင်သော ခွာနာ လျှာနာရောဂါ၊ ငါးထုတ်လုပ်မှုမြင့်မားရေးအတွက် ငါးမျိုးဗီဇမြှင့်တင်ရေး၊ မွေးမြူရေးလုပ်ငန်းများတွင် ရွေးချယ်သင့်သည့်အချက်များ စသည့် မွေးမြူရေး ဆောင်းပါးများ၊နာနတ်ချိုချဉ်အသုံးဝင်၊ အေအိုင်ဒီအက်စ်ရောဂါတိုက်ဖျက်ပါ၊ လူတို့အတွက် ဒို့သွေးစက်ဖြင့် အသက်သခင်သွေးလှူရှင်၊ ပျို့မေတို့၏ အလှတစ်ပါး မြန်မာ့သနပ်ခါး၊ ကျန်းမာလိုသလား ငါးကြီးဆီစား၊ အအေးမိဖျားနာသက်သာပျောက်ကင်းစေရာ၊ ဆေးဖက်ဝင်ပျားရည်စသည့် ကျန်းမာရေးဆောင်းပါးများ၊ အမျိုးသားပညာရည်မြင့်မားရေးဖြင့် အနာဂတ်နိုင်ငံတော်သစ်တည်ဆောက်ကြမည်၊ မအူပင်လေးအိမ်စုရွာသို့၊ ကျေးရွာစာကြည့်တိုက်များခိုင်မာဖွံ့ဖြိုးအောင် ဝိုင်းဝန်းကူညီဖော်ဆောင်ကြမည် စသည့် အသိပညာပေးသုတ၊ ရသဆောင်းပါးများ၊ တာဂျစ်ကစ္စတန်နိုင်ငံအကြောင်း သိကောင်းစရာ၊ အိန္ဒိယနိုင်ငံမိုးရာသီဆန်စပါးနှင့် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်မှု မြင့်တက်ဖွယ်ရှိ၊ ၂၀၁၀တွင် ကမ္ဘာ့ဆန်စပါးထွက်ရှိမှုနှုန်းမြင့်တက်မည်ဟု FAO ခန့်မှန်း၊ စင်ကာပူနိုင်ငံသားတို့၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးဘက်ပညာရှင်များ ပိုမိုလိုအပ်လျက်ရှိ၊ ကမ္ဘာ့အစိမ်းရောင်စီးပွားရေးအောင်မြင်ရန် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အကူအညီလိုအပ်စသည့်နိုင်ငံတကာသတင်းဆောင်းပါးများ၊ အားကစားသတင်းများနှင့် ပရိသတ်တွေ ပျော်ရွှင်ကြည်နူးစေဖို့ အနုပညာနဲ့ဖျော်ဖြေပေးနေတဲ့ အကယ်ဒမီခင်သီတာထွန်းနှင့် တွေ့ဆုံခြင်း စသည့် အနုပညာသတင်းများ၊ မြွေဖမ်းလို့ပေးခဲ့ပါ့မယ် ဝတ္ထုတိုတို့အပြင် ကဗျာ၊ ဟာသ၊ ကာတွန်း၊ ဗေဒင်၊ မြန်မာဗီဒီယိုဇာတ်လမ်းများနှင့် သတင်းအတိုအထွာများကို စုံလင်စွာ ဖော်ပြထားသည်။*

*ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်စောင်လျှင် ငွေကျပ် ၂၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။*

***ဆက်သွယ်နိုင်***

*ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့်ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၀၁၉၃၆၊ ၃၇၁၃၄၂ တို့သို့ ဆက်သွယ်ပေးပို့နိုင်သည်။*

***(သတင်းစဉ်)***



# ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်

တောင်ငူမြို့ (၁၈)ရပ်ကွက် ကျောက်တိုင်လမ်း ရေမြောင်း ရေစီးရေလာကောင်းမွန်ရေးအတွက် စက်ယန္တရားဖြင့် ဆောင်ရွက်နေမှုကို တောင်ငူမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဦးလေး၊ လက်ထောက်အင်ဂျင်နီယာ ဦးဇော်မြင့်နှင့်ဒုတိယဦးစီးမှူး ဦးစန်းလွင်တို့ ဇွန် ၆ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

# ထူးချွန်ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ရသေ့တောင်မြို့နယ်၌ ကျင်းပ

**စစ်တွေ ဇွန် ၁၉**

စစ်တွေခရိုင် ရသေ့တောင်မြို့နယ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် ဘက်စုံပညာရည်ချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၆ရက် မွန်းတည့် ၁၂နာရီက ရသေ့တောင်မြို့ အထကကျောင်း၌ ကျင်းပရာ ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ဆုရ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

**ဆုချီးမြှင့်**

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူးက အဖွင့်အမှာစကားပြောကြားပြီး ဆုရကျောင်းသား ကျောင်းသူများအား မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်သည်။

(အောက်ပုံ) (ခရိုင် ပြန်/ဆက်)



# ထင်းအစား အခြားလောင်စာသုံးစွဲရေး ဆွေးနွေးဟောပြောပွဲ ဆိပ်ဖြူမြို့နယ်၌ ကျင်းပ

## အောဝမ်းမီးဖိုများ ဖြန့်ဝေ

**ဆိပ်ဖြူ ဇွန် ၁၉**

ဆိပ်ဖြူမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ၂၀၁၀-၂၀၁၁ခုနှစ် ထင်းအစား အခြားလောင်စာသုံးစွဲရေး ပညာပေးဆွေးနွေးဟောပြောပွဲနှင့် အောဝမ်းမီးဖိုဖြန့်ဝေပွဲကို ဇွန် ၆ရက်က ချင်တောင်စံပြကျေးရွာ၌ ကျင်းပသည်။

**ဖြန့်ဝေပေး**

အခမ်းအနားတွင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးစိုးမိုးကထင်းအစား အခြားလောင်စာသုံးစွဲရေးကို ကျေးရွာပြည်သူများအား ပညာပေးဆွေးနွေးဟောပြောပြီး(ဝဲပုံ) အောဝမ်းမီးဖိုများကို ကျေးရွာပြည်သူများအား ဖြန့်ဝေပေးသည်။ အခမ်းအနားသို့ မြို့နယ်အတွင်းရေးမှူး ဦးနေမျိုးနန္ဒ၊ ဌာနဆိုင်ရာ တာဝန်သူများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

**(မြို့နယ် ပြန်/ဆက်)**



## သမ္မတ အိုဘားမားအပေါ် ပြည်သူများယုံကြည်မှု ကျဆင်းခဲ့ဟု စစ်တမ်းတွင်ဖော်ပြ

နယူးယောက် ဇွန် ၁၉

မက္ကဆီကိုပင်လယ်ကွေ့တွင် ရေနံယိုဖိတ်မှုပြဿနာ ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွက်ခဲ့သည်ဟုဆိုကာ အမေရိကန်သမ္မတ အိုဘားမားအပေါ် အမေရိကန်ပြည်သူများ၏ ယုံကြည်မှုကျဆင်းခဲ့ကြောင်း လူထုသဘောထား စစ်တမ်းသစ်၌ ဇွန် ၁၈ရက်က ဖော်ပြသည်။

**ယုံကြည်**

အမေရိကန်ပြည်သူထက်ဝက်ခန့်က အိုဘားမားအနေဖြင့် ဖော်ပြပါရေနံယိုဖိတ်မှုပြဿနာကို ဖြေရှင်းနိုင်စွမ်းမရှိဟု ယုံကြည်နေကြကြောင်း စီအင်န်အင်န်စစ်တမ်းအရ သိရှိရသည်။

**ဖော်ပြ**

အိုဘားမား၏ ဦးဆောင်မှုသည် သမ္မတဟောင်း ဂျော့ချ်ဒဗလျူဘုရှ်၏ ပုံစံအတိုင်း ကျင့်သုံးလိုက်နာပါသည်ဟု ဇွန်၁၇ရက်က ထုတ်ပြန်သည့် စစ်တမ်းတွင် လူထုသဘောထားကို ဖော်ပြထားသည်။

အိုဘားမားသည် ခိုင်မာပြီးဆုံးဖြတ်ချက်ပြတ်သားသည့် ခေါင်းဆောင်ဖြစ်သည်ဟု လက်ရှိယုံကြည်နေသူဦးရေသည် ဇန်နဝါရီလတွင် ၆၀ရာခိုင်နှုန်းရှိရာမှ ယခုအခါ ၅၃ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**



အိန္ဒိယနိုင်ငံ ဟာရန်နားပြည်နယ် ဂါဂါအွန်မြို့ရှိ ဖာရူတီကားစက်ရုံမှ ထုတ်လုပ်ထားသော ကားများကို ဇွန်၁၈ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

## အရှေ့အလယ်ပိုင်း၌ စစ်ပွဲသစ်ဖြစ်ပွားနိုင်ဟု ဆီးရီးယားသမ္မတ သတိပေးပြောကြား

ဒမတ်စကတ် ဇွန် ၁၉

**အစ္စရေးက ဂါဇာကမ်းမြောင်သွားသင်္ဘောအုပ်စုကို တိုက်ခိုက်ပါက အရှေ့အလယ်ပိုင်းဒေသ၌ စစ်ပွဲသစ်တစ်ရပ်ဖြစ်ပွားနိုင်သည့်အခြေအနေ မြင့်မားလာနိုင်ကြောင်း ဆီးရီးယားသမ္မတ အယ်လ်-အာဆက်က ဇွန်၁၈ရက်၌ သတိပေး ပြောကြားသည်။**



ဆီးရီးယားသမ္မတ အယ်လ်-အာဆက်

စစ်မီးမငြိမ်းရမနေနိုင်သည့် အစ္စရေးအစိုးရ၏ တိုက်ခိုက်ရန်ဆုံးဖြတ်ချက်ကြောင့် ဒေသတွင်း ငြိမ်းချမ်းရေးဆိုင်ရာ အနာဂတ်အလားအလာများ ပျက်စီးစေသည်ဟု အာဆက်က ဘီဘီစီသတင်းဌာနသို့ ပြောကြားသည်။

**သေချာ**

အစ္စရေး၏ အဆိုပါလုပ်ရပ်ကြောင့် အရှေ့အလယ်ပိုင်း၌ စစ်ဖြစ်နိုင်သည့်အခြေအနေရှိ မရှိမေးမြန်းရာတွင် အာဆက်က သေချာပေါက်ရှိသည်ဟု ပြောကြားသည်။

**အန္တရာယ်**

ငြိမ်းချမ်းရေးမရှိပါက စစ်ပွဲကိုသာ နေ့စဉ်နေ့တိုင်း မျှော်လင့်နေရသည်မှာ အလွန်အန္တရာယ်ကြီးမားလှကြောင်း အာဆက်က ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

## တရုတ်ဒုတိယစစ်ဦးစီးအရာရှိချုပ် မက်ဆီဒိုးနီးယားသို့ ချစ်ကြည်ရေးခရီးရောက်ရှိ

တီရာနာ ဇွန် ၁၉

**မက်ဆီဒိုးနီးယားသို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိလာသော တရုတ်ဒုတိယစစ်ဦးစီးအရာရှိချုပ် မာရှိုတန်အား မက်ဆီဒိုးနီးယားကာကွယ်ရေးဝန်ကြီး ဇိုရန်ကိုဂျန်နိုဗက်စကီးက မက်ဆီဒိုးနီးယားနိုင်ငံ စကုချ်မြို့၌ ဇွန်၁၆ရက်တွင် လက်ခံတွေ့ဆုံကြောင်း ဆင်ဟွာသတင်းက ဇွန်၁၇ရက်၌ ဖော်ပြသည်။**

မကြာသေးမီနှစ်များအတွင်း မက်ဆီဒိုးနီးယားအစိုးရနှင့် တရုတ်အစိုးရတို့အကြား နှစ်နိုင်ငံ စစ်ရေးပူပေါင်းဆောင်ရွက်မှု၏ တိုးတက်မှုအခြေအနေကောင်းများကို မက်ဆီဒိုးနီးယားအစိုးရက ဝမ်းမြောက်မိပါကြောင်း မက်ဆီဒိုးနီးယား ကာကွယ်ရေးဝန်ကြီး ဇိုရန်ကိုဂျန်နိုဗက်စကီးက ပြောကြားသည်။

တရုတ်ဒုတိယစစ်ဦးစီးအရာရှိချုပ် မာရှိုတန်အနေဖြင့် သုံးရက်ကြာ အလည်အပတ် ခရီးစဉ်အဖြစ် မက်ဆီဒိုးနီးယားမြို့တော် စကုချ်မြို့သို့ ဇွန် ၁၆ရက်မှစတင်ကာ အလည်အပတ်ရောက်ရှိနေသည်ဟု သတင်းတွင် ဖော်ပြသည်။

**ပထမဆုံးအကြိမ်**

ယင်းသို့ မက်ဆီဒိုးနီးယားနိုင်ငံသို့ တရုတ်စစ်ဘက်ဆိုင်ရာ အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့ ချစ်ကြည်ရေး အလည်အပတ်လာရောက်ခြင်းသည် ပထမဆုံးအကြိမ်ဖြစ်သည်ဟု ဆိုသည်။

**အမ်အင်န်အေ/ဆင်ဟွာ**

## နျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် တောင်ကိုရီးယားနှင့်တူရကီစီစဉ်

ဆိုးလ် ဇွန် ၁၉

တောင်ကိုရီးယားနိုင်ငံက ၎င်း၏ နည်းပညာများကို နိုင်ငံခြားသို့ တင်ပို့နိုင်ရန် ကြိုးပမ်းနေချိန်တွင် တောင်ကိုရီးယားနိုင်ငံသည် ဒေါ်လာ ၁၀ဘီလီယံဖိုးရှိ နျူကလီးယားဓာတ်အားပေးစက်ရုံ စီမံကိန်းစာချုပ်ကို တူရကီနိုင်ငံနှင့် လက်မှတ်ရေးထိုးရန် အစီအစဉ်ရှိကြောင်း သိရသည်။

**အကောင်အထည်ဖော်**

၎င်းအစီအစဉ်ကို အာရှ-ပစိဖိတ် စွမ်းအင်ဝန်ကြီးများ ဆွေးနွေးပွဲမတိုင်မီ တတ်နိုင်သမျှ အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယား စီးပွားရေးဝန်ကြီး၏ ပြောကြားချက်များကို ရိုက်တာသတင်းတွင် ဇွန်၁၈ရက်က ကိုးကားဖော်ပြသည်။

**တည်ဆောက်**

အဆိုပါ ဓာတ်အားပေးစက်ရုံကို တူရကီနိုင်ငံ ပင်လယ်နက်ဆိပ်ကမ်းရှိ ဆိုင်းနော့ဒေသတွင် ကိုရီးယားလျှပ်စစ်စွမ်းအင်ကော်ပိုရေးရှင်း (ကေအီးပီစီအို)က တည်ဆောက်မည်ဖြစ်သည်။

ယင်းနျူကလီးယား ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေးစီမံကိန်းသည် နှစ်အနည်းငယ်အတွင်း တောင်ကိုရီးယားနိုင်ငံအတွက် ဒုတိယအကြိမ်မြောက် စီမံကိန်းဖြစ်ကြောင်း သိရသည်။ ပထမစီမံကိန်းမှာ ဒေါ်လာ ၄၀ဘီလီယံ ရင်းနှီးမြှုပ်နှံသည့် အာရပ်စော်ဘွားများနိုင်ငံ(ယူအေအီး)နှင့် ချုပ်ဆိုသောစီမံကိန်းဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**



ပါကစ္စတန်နိုင်ငံ ဆာဂိုဒါမြို့၌ ဗုံးပေါက်ကွဲပြီးနောက် မီးလောင်ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဇွန် ၁၉ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

## ရုရှားနှင့်ယူကရိန်းသိပ္ပံပညာရှင် စွမ်းအင်ဆိုင်ရာ ဆုများရရှိ

စိန့်ပီတာစဘတ်(ရုရှား) ဇွန် ၁၉

အဋ္ဌမအကြိမ်မြောက် ကမ္ဘာ့စွမ်းအင်ဆိုင်ရာ ဆုပေးပွဲအခမ်းအနားကို စိန့်ပီတာစဘတ်မြို့ နိုင်ငံတကာစီးပွားရေးဖိုရမ်၌ ဇွန် ၁၈ရက်က ကျင်းပရာ ရုရှားနှင့် ယူကရိန်းသိပ္ပံပညာရှင်နှစ်ဦးတို့ ဆုရရှိသွားသည်။

ရုရှားသိပ္ပံအကယ်ဒမီအဖွဲ့ဝင်များ ဖြစ်ကြသည့် ရုရှားနိုင်ငံသား အလက်ဇန္ဒားလီယွန်တော့ဗ်နှင့် ယူကရိန်းနိုင်ငံသား ဘောရစ်ပါတန်တို့အား ရုရှားသမ္မတ မက်ဗီဒက်ဗ်က ဆုများပေးအပ်ခဲ့သည်။

ယင်းဆုကို ရုရှားဓာတ်ငွေ့ကုမ္ပဏီ ဂတ်ဇ်ပရွန်က ၁၉၉၂ခုနှစ်မှစတင်ပေးအပ်ခဲ့ရာ သိပ္ပံပညာရှင်နှစ်ဦးအနေဖြင့် ဆုကြေးငွေ အမေရိကန်ဒေါ်လာ တစ်သန်းကို ခွဲဝေယူကြမည်ဖြစ်သည်။

**အမ်အင်န်အေ/ဆင်ဟွာ**

## အမေရိကန်၌ လေယာဉ်ပျက်ကျ ငါးဦးသေဆုံး

ဟူစတန် ဇွန် ၁၉

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ်၌ ဇွန် ၁၇ရက် နံနက်ပိုင်းက စက်နှစ်လုံးတပ် လေယာဉ်ပျက်ကျခဲ့ရာ အနည်းဆုံးငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားသည်။

**ပျက်စီး**

ဆက်နာ-၃၁၀ လေယာဉ်သည် နယူးမက္ကဆီကိုပြည်နယ်တောင်ပိုင်း အီရာဘလန်ကာရီဂျင်နယ်လေယာဉ်ကွင်းတွင် ဆင်းသက်စဉ် လေယာဉ်ပြေးလမ်းကို ကျော်လွန်ကာ လေယာဉ်ပြေးလမ်းအဆုံးတွင် တိုက်မိ ပျက်စီးခြင်းဖြစ်သည်။

**အမြန်ပို့**

အဆိုပါ ဖြစ်စဉ်အတွင်း လေယာဉ်ပေါ်တွင် လိုက်ပါလာသူ ငါးဦးသေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူ နှစ်ဦးကို ဆေးရုံသို့အမြန်ပို့ပေးခဲ့ရကြောင်း ပြည်နယ်ရဲအရာရှိက ပြောကြားသည်။

**အမ်အင်န်အေ/ဆင်ဟွာ**

## ဆွီဒင်၌ နျူဓာတ်ပေါင်းဖိုသစ်များ ထပ်မံတည်ဆောက်မည်

စတော့ဟုမ်း ဇွန် ၁၉

**ဆွီဒင်နိုင်ငံ၌ နျူကလီးယားဓာတ်ပေါင်းဖိုသစ်များတည်ဆောက်ရေး အစိုးရ၏ ဥပဒေကြမ်းကို ဆွီဒင်ပါလီမန်က ဇွန် ၁၇ရက်၌ အတည်ပြုထုတ်ပြန်သည်။**

ယင်းဥပဒေကြမ်းကို ပါလီမန်လွှတ်တော်ကိုယ်စားလှယ် ၃၄၉ဦးရှိသည့် ပါလီမန်၌ဆွေးနွေးပြီးနောက် မဲခွဲဆုံးဖြတ်ရာတွင် ထောက်ခံမဲ ၁၇၄မဲနှင့် ကန့်ကွက်မဲ ၁၇၂မဲ ဖြင့် အတည်ပြုလိုက်ခြင်းဖြစ်သည်။

ဆွီဒင်နိုင်ငံ စွမ်းအင်အသုံးပြုမှု စုစုပေါင်း၏ ထက်ဝက်ခန့်မှာ နျူကလီးယားစွမ်းအင်ဖြစ်ကြောင်း၊ သို့သော်ပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများ၏ ဖိအားပေးမှုကြောင့် ၁၉၈၀ပြည့်နှစ်ကတည်းက နျူကလီးယားဓာတ်ပေါင်းဖိုများ တိုးချဲ့တည်ဆောက်မှုမပြုရန် ဆုံးဖြတ်ခဲ့သည်ဟု ဆိုသည်။

**သိရ**

ဆွီဒင်နိုင်ငံ၌ လောလောဆယ်တွင် နျူကလီးယားဓာတ်ပေါင်းဖို ၁၀ခုရှိကြောင်း သိရသည်။

**အမ်အင်န်အေ/ဆင်ဟွာ**

## သဘာဝဓာတ်ငွေ့ ပိုက်လိုင်း သွယ်တန်းရေး တူရကီ၊ ဂရိနှင့်အီတလီတို့ နားလည်မှုစာချွန်လွှာလက်မှတ်ထိုး

အင်ကာရာ ဇွန် ၁၉

ကက်စပီယန်ဒေသမှတစ်ဆင့် ဥရောပနိုင်ငံများသို့ သဘာဝဓာတ်ငွေ့တင်ပို့ရန် တူရကီ၊အီတလီနှင့် ဂရိသုံးနိုင်ငံက ဇွန် ၁၇ ရက်၌ ဓာတ်ငွေ့ပိုက်လိုင်းတည်ဆောက်ရေး နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးသည်။

**ကြေညာ**

အီတလီ စီးပွားဖွံ့ဖြိုးမှုဝန်ကြီးဌာန၊ ဂရိသဘာဝပတ်ဝန်းကျင်၊စွမ်းအင်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဝန်ကြီးဌာနနှင့် တူရကီ စွမ်းအင်နှင့်သဘာဝအရင်းအမြစ်ဝန်ကြီးဌာနတို့ လက်မှတ်ရေးထိုးပွဲ တက်ရောက်ပြီးနောက် ထုတ်ပြန်သည့် ကြေညာချက်အရ စွမ်းအင်ဆိုင်ရာ အရင်းအမြစ် အမျိုးမျိုးပြောင်းလဲ ထုတ်လုပ်ရေးနှင့် ဈေးကွက်စီးပွားရေးစနစ်၏ ဝါဒများအပေါ် အခြေခံပြီး နည်းလမ်းများ ရှာကြံလျက် စွမ်းအင်ဖူလုံမှု တိုးမြှင့်ရေးအရ ရည်မှန်းချက်မှာ အရေးပါကြောင်း သုံးနိုင်ငံက ကြေညာသည်။

**စတင်လုပ်ဆောင်**

ယင်းသဘာဝဓာတ်ငွေ့ စီမံကိန်းကို ၂၀၀၂ခုနှစ်ကတည်းက တူရကီ၊ဂရိနှင့် အီတလီ(အိုင်တီဂျီအိုင်)တို့ စတင်လုပ်ဆောင်ခဲ့ရာ ဥရောပနိုင်ငံများ၏ အရေးကြီးဆုံး စီမံကိန်းတစ်ရပ်ဖြစ်ပြီး ၈၀၄ ကီလိုမီတာရှည်သည့် ပိုက်လိုင်းမှတစ်ဆင့် ၂၀၁၅ခုနှစ်တွင် သဘာဝဓာတ်ငွေ့များစတင်ပို့လွှတ်မည်ဖြစ်သည်။

**ပို့လွှတ်**

(အိုင်တီဂျီအိုင်)သဘာဝဓာတ်ငွေ့ပိုက်လိုင်းကို အဇာဘိုင်ဂျန်မှ စတင်ကာ အီတလီ၌ ဆုံးမည်ဖြစ်သည်။ ၎င်းပိုက်လိုင်းမှ ဂရိနှင့်အီတလီနိုင်ငံတို့ကို နှစ်စဉ်သဘာဝဓာတ်ငွေ့ ကုဗမီတာ ၁၀ဘီလီယံ ပို့လွှတ်နိုင်မည်ဖြစ်သည်။ **(အင်တာနက်)**




တရုတ်နိုင်ငံ ကွမ်စီကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျီလင်းမြို့၌ မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေကြီးနေသည်ကို ဇွန်၁၈ရက်က တွေ့ရစဉ်။ (ဆင်ဟွာဓာတ်ပုံ)

## ဖိလစ်ပိုင်၌ မုန်တိုင်းသတိပေးချက် ထုတ်ပြန်

ဒါဘို ဇွန် ၁၉

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ ဇွန် ၁၈ရက်က မုတ်သုံမိုးအဆက်မပြတ်ရွာသွန်းပြီး လေဆင်နှာမောင်းတိုက်ခတ်ကာ ရေလွှမ်းမှုများ ဖြစ်ပွားသဖြင့် မိသားစုရာနှင့်ချီ၍ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာဏာပိုင်အဖွဲ့က ဇွန်၁၉ရက်၌ ပြောကြားသည်။

တောင်ပိုင်းပြည်နယ်အတွင်း တူပီမြို့ရှိ ကျေးရွာသုံးရွာ၌ လေဆင်နှာမောင်းဒဏ်ကြောင့် စိုက်ပျိုးမြေများပျက်စီးကာ အမေရိကန်ဒေါ်လာ ၆၅၀၀၀ခန့် ဆုံးရှုံးခဲ့ရကြောင်း တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

ထို့ပြင် ဘန်ဂါမြို့အနီး၌ မြစ်ရေလျှံသဖြင့် နေအိမ် ၁၂လုံးနှင့် တံတားများ ပြိုကျပျက်စီးကာ လမ်းမများပေါ်၌ ရေကြီးလျက်ရှိသည်ဟုဆိုသည်။

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းနှင့် အနောက်ပိုင်းတို့၌ မိုးကြိုးမုန်တိုင်းများ ကျရောက်ပြီး မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း ဖိလစ်ပိုင်အစိုးရက သတိပေးချက်ထုတ်ပြန်ထားသည်။ **(အင်တာနက်)**

20-6 (04).pmd 1 6/20/2010, 3:11 AM

# အားလုံးအတွက် မနက်ဖြန်

## မိပြည်ချစ်

အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့သည် သီးခြားခွဲထား၍ မရနိုင်သလို မနေ့က၊ ယနေ့နှင့် မနက်ဖြန်တို့သည်လည်း ဆက်စပ်လျက်တွေ့ကြရမည်သာ။ အလားတူ ဘိုးဘွားဘီဘင်၊ မိဘ၊ သားသမီး၊ မြေးမြစ်တို့၏ ဆက်စပ်ပတ်သက်မှုဖြစ်စဉ်များကိုလည်း မသိချင် မပြောချင်၊ မေ့ထားချင်၍မရနိုင်ပါ။

တစ်ဦးချင်း၏ဘဝများကို နီးနွယ်ဆက်စပ်လျက် တည်ဆောက်ရင်း၊ ကြိုးစားရင်း၊ ပြုပြင်မြှင့်တင်ရင်းဖြင့် သမိုင်းဦးအစမှ ယနေ့တိုင်အောင် အဆင့်ဆင့် တိုးတက်ဖြစ်ထွန်းလာကြခြင်းဖြစ်ပါသည်။ ကြက်ဥနှင့် ကြက်မကြီးတို့ရဲ့ အစပထမကို အငြင်းပွားနေမည့်အစား ကြက်ဥကပဲစစ၊ ကြက်မကြီးကပဲစစ အစကောင်းရေးအတွက်သာ စဉ်းစားတွေးတောကြပြီး ကောင်းအောင်ပြုလုပ်ကြရန် လိုအပ်ပါသည်။

လူ့ဘဝတစ်ခဏတာအတွင်း ဆင်းရဲမှု၊ မွန်းကျပ်မှု၊ အခက်အခဲများစွာ ကြုံတွေ့ခံစားရင်း ဒုက္ခတွေနှင့် ရင်ဆိုင်ကြရသည်များ ရှိမည်ဖြစ်သကဲ့သို့ ချမ်းမြေ့မှု၊ ပျော်ရွှင်မှု၊ အောင်မြင်မှု၊ စိတ်ကျေနပ်မှုတွေကိုလည်း သုခအဖြစ်ရယူခံစားရင်း ဖြတ်သန်းကျော်လွှား လှုပ်ရှားကြရသည်များလည်း ရှိမည်သာဖြစ်ပါသည်။ ထိုသို့လှုပ်ရှားနိုင်ရန်အတွက် ကာယအား၊ ဉာဏအားတို့မရှိမဖြစ်လိုအပ်ပါသည်။ ကာယအားအဖြစ် မွေးကင်းစမှ အစာအာဟာရများ မှီဝဲစားသုံးရင်း၊ လှုပ်ရှားရုန်းကန်ကြိုးစားရင်း တဖြည်းဖြည်းကြီးထွားရင့်သန်လာကြရပါသည်။ တစ်ဖက်မှလည်း စာပေ၊ အသိပညာ၊ ဗဟုသုတများ နာယူမှတ်သားပွားများရေး ဉာဏအားကိုလည်း ပေါင်းစပ်ပါဝင် ရင့်ကျက်လာအောင် ကြိုးပမ်းလုပ်ဆောင်ကြရပါသည်။

အသက်ဉာဏ်စောင့်ဆိုသလို သက်ရှည်ကျန်းမာကြစေဖို့ သတိ၊ ဉာဏ်အမြော်အမြင်ဖြင့် စဉ်းစားချင့်ချိန်နိုင်ရန်၊ ဝေဖန်ပိုင်းခြားတတ်ရန် လိုအပ်ပါသည်။ ယခုအချိန်အခါတွင် ရုပ်ဝတ္ထုပိုင်းဆိုင်ရာ တိုးတက်မှုများအရ ကောင်းကျိုး၊ ဆိုးကျိုးများကို ပိုင်းခြားစိစစ်လက်ခံပြီး ရှေ့ခရီးဆက်ကြရမည်သာဖြစ်ပါသည်။ လွန်ခဲ့သော နှစ်(၅၀)နှင့် ယခုအခြေအနေမှာ များစွာကွာခြားပါသည်။ အကောင်းတွေ အလွန်များလာသည်မှန်သကဲ့သို့ အဆိုးတွေ တိုးပွားလာသည်ကိုလည်း လက်မခံ၍ မရနိုင်ပါ။

**တစ်ဦးချင်းကိုယ်စီဘဝအတွက် အကောင်းမြင်ဝါဒရှိပါက မွန်းကျပ်မှု၊ စိတ်တွေဝေမှု၊ စိတ်ဖိစီးမှု၊ စိတ်ပင်ပန်းဆင်းရဲမှုများ လျော့နည်းနိုင်ပါသည်။ ထို့အတူ တစ်ဦးချင်းစီစုဝေးနေထိုင်ရာ အိမ်ထောင်စု၊ မိသားစုမှသည် ဆွေမျိုးစု၊ မျိုးနွယ်စုများ စုပေါင်းနေထိုင်ရာ နိုင်ငံတစ်ခုအဆင့်အထိ တိုးတက်ကောင်းမွန်ပြီး စည်းကမ်းရှိသော၊ ခေတ်မီဖွံ့ဖြိုးသော နေချင့်စဖွယ် အဆင့်တစ်ခုဖြစ်လာစေရန် လူတိုင်းတွင် အကောင်းမြင်စိတ်ဖြင့် ဝိုင်းဝန်းမြှင့်တင်ဆောင်ရွက်ကြရန် တာဝန်ရှိကြပါသည်။ ထိုတာဝန်မှာ မွေးရာပါ တာဝန်ဖြစ်၍ လူသားတိုင်း ငြင်းဆို၍၊ လွှဲရှောင်၍ မရနိုင်ပါ။**

လူသားတို့နေထိုင်ရာ လူသားကမ္ဘာအတွက် လူသားတစ်ဦးချင်းစီ၏ အားမာန်များ စုပေါင်းရာမှ သမိုင်းဦးဘုံမြေခေတ်၊ ကျေးပိုင် ကျွန်ပိုင်ခေတ်တို့မှသည် စက်မှုထွန်းကားလာပြီး ဖွံ့ဖြိုးတိုးတက်နေသည့် ယနေ့ခေတ်အထိ အဆင့်ဆင့်ပြောင်းလဲဖြစ်ပေါ်လာခဲ့ပေသည်။ ထိုမှတစ်ဖန် နောင်အတွက်လည်း အစဉ်ပြောင်းလဲမှုများ၊ တိုးတက်မှုများ ရှိလာဦးမည်မှာ အမှန်ပင်။

ယနေ့အတွက် အကောင်းဆုံး စဉ်းစားလုပ်ဆောင်နိုင်ပါက မနက်ဖြန်တွေကောင်းလာပြီး ယနေ့သည် မနေ့ကဖြစ်ကာ၊ မနက်ဖြန်သည် ယနေ့ဖြစ်လာပြီး နောက်တစ်နေ့သည် မနက်ဖြန်အဖြစ် ရှေ့တိုးပြောင်းလဲသွားမည်သာဖြစ်သည်။ မိမိ၏ ငယ်စဉ်အချိန်ကို ပြန်လည်တွေးတောကြည့်မိပါသည်။ ကျောင်းမှန်မှန် အမြဲတက်ခဲ့သည်။ ကျောင်းစာကို ပုံမှန်ပြုလုပ်ခဲ့သည်။ အားလပ်ချိန်တွင်လည်း ကလေးပီပီ ထွေခင်းကစားခြင်း၊ ကြက်ခွပ် ကစားခြင်း၊ ဘောလုံးပစ်ခြင်း၊ ပြေးတန်းလိုက်တန်း ကစားခြင်း၊ ဆေးလိပ် ဖင်စီခံတွင် ကြက်မွေးစိုက်ပြီး သစ်သားဘတ်တံဖြင့် ကြက်တောင်ကစားခြင်း စသည့် ကစားနည်းများစွာကို အဖော်မင်ရင်း ပျော်ရွှင်စွာကစားခဲ့ပါသည်။ စာကို ပုံမှန်ကျက်ပါသည်။ လစဉ် အပတ်စဉ် မင်နီမပါ၊ အောင်ခဲ့ပါသည်။ အတန်းကိစ္စကို စိတ်ဝင်စားခဲ့သည်။ နေ့စဉ် အခန်းတွင်း သန့်ရှင်းခြင်း၊ ဆရာ့စားပွဲသန့်ရှင်းခြင်း၊ သင်ပုန်းဖျက်ရန် ဖြတ်စည္စပ်စကောက်ပြီး ခေါင်းအုံးငယ်ကလေးများချုပ်ကာ သင်ပုန်းသန့်ရှင်းခြင်း၊ သောက်ရေအိုးဖုံးနှင့် ရေခွက်များကို နေ့စဉ်အိမ်သို့ယူပြီး ဖွဲပြာ၊ ဆပ်ပြာဖြင့် သန့်ရှင်းပြောင်လက်တောက်ပြောင်အောင် ပြုလုပ်ဆေးကြောပြီး ကျောင်းသို့ယူလာခြင်း၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ကျန်စစ်သား၊ ဗန္ဓုလ စသည့် ကျောင်းကောင်စီအလှည့်ကျ နေ့တိုင်း အသင်းသားများကိုယ်စား နေ့စဉ်သန့်ရှင်းရေးအလုပ်များ ကူညီပေးခြင်း စသည် စသည်ဖြင့် တာဝန်ကျေစွာ လုပ်ဆောင်ခဲ့ခြင်းကို သတိရနေမိပါသည်။

ထို့အတူ တက္ကသိုလ်ရောက်သောအခါ၌လည်း ဘောင်များကို နေ့စဉ်သန့်ရှင်းရေးလုပ်ပြီးမှ မျက်နှာသစ်ခြင်း၊ အိမ်သာကို မိမိအသုံးမပြုမီ ရေပုံးနှင့်ရေဆောင်ထားကာ သန့်ရှင်းခြင်း၊ အသုံးပြုပြီး သန့်ရှင်းထားခြင်း၊ မိမိအခန်း သန့်ရှင်းခြင်း၊ မိုးရွာ၊ လေတိုက်ပါက အခန်းဖော်များ လှန်းထားသည့် အဝတ်စို၊ အဝတ်ခြောက်များကို သိမ်းပေးခြင်း စသည်တို့အပြင် အတက်အဆင်းလှေကား သုံးထပ်လုံး သန့်ရှင်းရေးပြုလုပ်ခြင်း စသည်တို့ကို မိမိအသိစိတ်ဖြင့် ပြုလုပ်ခဲ့ပါသည်။ ဘာသာရေးအရ ကုသိုလ်အကျိုးပေးသည်ဟု ယူဆရပါလျှင် ယနေ့ထိ ဘဝခရီးတစ်လျှောက်လုံး ထူးခြား ခက်ခဲပင်ပန်းဆင်းရဲခြင်းမျိုး မကြုံတွေ့ခဲ့ရသည်က သက်သေခံနေပါသည်။

ပေါင်းသင်းဆက်ဆံရာတွင် မိမိဘက်ကသာ အတတ်နိုင်ဆုံး လိုက်လျောကူညီလုပ်ဆောင်ပေးခဲ့ပါသည်။ တဒင်္ဂ တစ်ခဏ တွေ့ရကြုံရခိုက်တွင် သူတစ်ဖက်သားကို ကြည်နူးချမ်းမြေ့ ပြုံးပျော်သွားစေချင်ပါသည်။ လူတိုင်းသည် ပစ္စုပ္ပန်နှင့် အနာဂတ်ဘဝ ကောင်းမွန်စေရန် မိမိ၏ ခံယူချက်၊ လုပ်ဆောင်ချက်များကို ပြန်လည်ဆန်းစစ် သတိပြုကြစေလိုပါသည်။

တစ်ဆယ့်ငါးမိနစ်၊ နာရီဝက် အချိန်လေးမျှအတွင်း လုပ်သင့်သည့်အလုပ်လေးများကို တာဝန်ကျေစွာ လုပ်ဆောင်ပေးခြင်းဖြင့် အနာဂတ် ဘဝခရီးအတွက် အိပ်မက်ကောင်းများ ဖြစ်ပေါ်လာစေနိုင်ပါသည်။ ညောင်စေ့မျှလောက်ဖြင့် ညောင်ပင်ကြီးထက်ကြီးသော အကျိုးများစွာ ရစေနိုင်ပါသည်။

ရိုးရိုးကျင့်ခြင်းဖြင့် မြင့်မြင့်ကြံနိုင်ကာ ပတ်ဝန်းကျင်နှင့် အဆင်ပြေပြေ နေထိုင်လုပ်ကိုင်စားသောက်ခွင့် ရစေနိုင်ပါလိမ့်မည်။

အိမ်ထောင်သည်ဘဝ၊ သားတို့ အမေဘဝတွင်လည်း အိမ်ထောင်စုအတွက် ကြိုးစားတည်ဆောက်ရင်း အချိန်ကုန်လွန်ခဲ့ကာ ပတ်ဝန်းကျင်အတွက် လူမှုရေး၊ သာသနာရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ ကြီးပွားရေးကိစ္စများကိုလည်း တစ်နိုင်တစ်ပိုင် လုပ်ဆောင်နိုင်သမျှ လုပ်ဆောင်ရင်း ရုန်းကန် ကြိုးစားဆောင်ရွက်နိုင်ခဲ့ပါသည်။

**တစ်ပါးသူကို အပြစ်တင် ပြောဆိုနေမည့်အစား မိမိကိုယ်တိုင်၏ လိုအပ်ချက်များ၊ အပြောအဆို၊ အလုပ်၊ အတွေးအကြံများတွင် မိမိ၏ မှားယွင်းနေမှုများကို ဆန်းစစ်ပြုပြင်ပြီး ကိုယ့်ဝန်းကျင်ထဲမှာ နေပျော်သောဘဝကို ဖန်တီးနိုင်ခွင့်ရှိပါသည်။ ရလာသောအခွင့်အရေးကို အသိပညာ၊ အတွေ့အကြုံ၊ သတိ၊ ဝီရိယများဖြင့် ပြုပြင်ဖန်တီး တည်ဆောက်နိုင်ပါက လှပသော အိပ်မက်များနှင့် အနာဂတ်များ၊ မနက်ဖြန်များစွာကို ကျေနပ်ပျော်ရွှင်စွာ ကျော်ဖြတ်သွားနိုင်ပါလိမ့်မည်။**

**တစ်ဦးချင်းဘဝမှသည် အိမ်ထောင်စုအတွက်၊ အိမ်ထောင်စုများမှသည် မြို့နယ်ဒေသအတွက်၊ မြို့နယ်ဒေသတိုင်းမှသည် နိုင်ငံအတွက် ရည်ရွယ်ဆောင်ရွက်ကြရပါမည်။ ချစ်စရာကောင်းသော သဘာဝတရားများတည်ရှိရာ၊ ငြိမ်းချမ်းစေသော ဘာသာရေးသဘောတရားများ လွှမ်းမိုးရာ၊ လူနေမှု၊ ရိုးရာယဉ်ကျေးမှုသဘောတရား အယူအဆများ မြင့်မြင့်မားမားနှင့် ရှေးအဆက်ဆက်က မှတ်ကျောက်တင်နိုင်ခဲ့ရာ အမိမြန်မာပြည်ကို မြတ်နိုးခုံမင်စိတ်ဖြင့် ကြည့်ကြစေလိုပါသည်။ ကိုယ့်ရေကိုယ့်မြေ ကိုယ့်သဘာဝအတွင်း ရှင်သန်ခွင့်ပြုထားသော ကိုယ့်ကံကြမ္မာကို အားရကျေနပ်သင့်ပါသည်။ ဒီတိုင်း ဒီပြည်၊ ဒီရေသောက် ဒီမြေမှာနေပြီး အမေကျော်ဒွေးတော်လွှမ်း စိတ်ဓာတ်မျိုးဖြင့် ပြည်ပကို ငေးမောအထင်ကြီး အားကျမနေသင့်ပါ။**

**ကိုယ့်အခြေ ကိုယ့်အနေကို အကောင်းဆုံးတိုးမြှင့်လာအောင် ဝိုင်းဝန်းကြိုးပမ်း တည်ဆောက်ကြရမည်မှာ မြန်မာပြည်တစ်ဝန်း နေထိုင်နေကြသည့် လူမျိုးဘာသာ အသားအရောင် အဆင့်အတန်းမျိုးစုံမှာ မြန်မာပြည်သား ညီနောင်ဘွားများ၏ တာဝန်သာဖြစ်ပါသည်။ ထို့ကြောင့် မြန်မာပြည်သူတိုင်း မြန်မာပြည်ကို တာဝန်မဲ့ ပြောဆိုလုပ်ဆောင်မှုများ မဖြစ်ရအောင် ဆင်ခြင်သင့်လှပါသည်။**

ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းနေခွင့် ရရှိနိုင်ရေးသည် အရေးကြီးဆုံးသော အခြေခံလိုအပ်ချက် ဖြစ်ပါသည်။ မျိုးဆက်သစ် လူငယ်များ စာပေတတ်မှ၊ အခြေခံပညာတတ်မှ ထိုသူများ စုဝေးနေထိုင်ရာ လူမှုပတ်ဝန်းကျင်သည် ပညာရေးမြင့်ပြီး ကျန်းမာရေးအသိရှိကာ ကာယအား၊ ဉာဏအားကောင်းကောင်းဖြင့် စီးပွားရေး၊ လူမှုရေးနှင့် သာသနာရေးတို့ကို တိုးတက်မြင့်မားအောင် သယ်ပိုးဆောင်ကြဉ်းနိုင်မည်ဖြစ်ပါသည်။ အခြေခံပညာ တတ်မြောက်ပြီးမှသာ စည်းကမ်းသိသော၊ တာဝန်သိသော၊ တာဝန်ကျေသော၊ တာဝန်ယူတတ် တာဝန်ယူနိုင်သော လူမှုအဖွဲ့အစည်းဖြစ်လာကာ အရာရာ၌ အဆင့်မြင့်မြင့် နေနိုင်ခွင့်ရပါမည်။

ပညာအခြေခံရှိသော လူငယ်များ၏ စုပေါင်းဆောင်ရွက်နိုင်မှုကြောင့် စီးပွားရေးတိုးတက်မှု ရှိလာသည်နှင့်အမျှ နိုင်ငံအတွက်လည်း စည်းကမ်းပြည့်ဝသော ဒီမိုကရေစီအဆင့်ကို တဖြည်းဖြည်း ရင့်ကျက်တည်ဆောက်လာနိုင်မည်ဖြစ်ပါသည်။

ကိုယ့်ဘဝအတွက် အသိပညာ၊ စီးပွားဥစ္စာ၊ လူမှုရေး၊ ကျန်းမာရေး၊ သာသနာ၊ ဘာသာရေး၊ အတွေးအမြင်၊ သီလ၊ သမာဓိ တည်ဆောက်မှုစသော လောကီလောကုတ်လုပ်ငန်းများကို တစ်ဆက်တစ်စပ်တည်း ကြိုးပမ်းလုပ်ဆောင်ကြရင်း တစ်ဖက်မှလည်း အတ္တ ပရလုပ်ငန်းများကို မျှမျှတတ လုပ်ကြရမည်ဖြစ်ပါသည်။ ကိုယ့်အတွက် အသိပညာ ရှာဖွေကြိုးကုတ် လေ့လာလုပ်ဆောင်သကဲ့သို့ ကိုယ့်ဝန်းကျင်ကိုလည်း လက်ဆင့်ကမ်း ဝေငှကူညီဆွဲတင်ကြရမည် ဖြစ်ပါသည်။

နှစ် ၅၀၊ ၆၀အတွင်း နှစ်ယောက်တစ်ဘဝမှ စတင်ခဲ့သောဘဝများတွင် သားသမီးများ၏ ဘဝကို ထူထောင်ပေးနိုင်ရေး၊ မြေးမြစ်များ ဘဝကိုပါ လုံခြုံချမ်းမြေ့စေရေးတို့အတွက် ကြိုးစားရုန်းကန် တည်ဆောက်ကြရင်း ဘဝအမောမပြေသူများ၊ မပြေလည်မှုနှင့် လုံးချာလည်နေသူများလည်း ရှိပေမည်။ သို့သော် အဘက်ဘက်မှ ဆင်ခြင်စဉ်းစားကြည့်ပါလျှင် များသောအားဖြင့် အဘိုး၊ အဖေတို့ အခြေအနေထက်မြင့်အောင် ကြိုးစားနိုင်ခဲ့ကြသည်က များသည်ဟု ဆိုနိုင်ပါသည်။ စုပေါင်းကြိုးစား စွမ်းဆောင်ကြမှု၊ တစ်ယောက်တစ်လက် ခွဲဝေမျှပေး လက်ဆင့်ကမ်းမှုများကြောင့် မနေ့ကထက်သာသော ၊ မြင့်သော အခြေအနေများကို ယနေ့ တွေ့မြင်နေကြရပြီ ဖြစ်ပါသည်။ ထို **မနေ့က** များကို ပြန်သုံးသပ်ကာ ကြိုးစား စုပေါင်းလုပ်ဆောင်ကြမည်၊ အတွေးအမြင်ကောင်းများဖြင့် ဆက်ဆံပြောဆိုကြမည်၊ အကျင့်စရိုက်ဆိုးများ ပြုပြင်ပယ်ဖျောက်ကြမည်၊ ဝိုင်းဝန်း စွမ်းဆောင်ကြမည်ဆိုပါက **ယနေ့** များပါ တိုးတက်ကောင်းမွန်လာပြီး အားလုံး၏ မနက်ဖြန်များသည်လည်း သာယာဝပြော ငြိမ်းချမ်းလုံခြုံဘေးကင်းပြီး နေချင်စဖွယ် ပြည်မြန်မာ ဖြစ်လာမည်မှာ မုချဧကန်ပင် ဖြစ်ပါသည်။

**အားလုံးအတွက် မနက်ဖြန်ကို တာဝန်ကိုယ်စီကျေပွန်စွာ တည်ဆောက်နိုင်ကြမှသာ နောက်ပိုင်းဆက်ခံမည့် မျိုးဆက်သစ် သားမြေးများဘဝ "လုံခြုံချမ်းမြေ့ ကျန်းမာရွှင်လန်းစွာ" ရှင်သန်နေထိုင်ခွင့် ရပေလိမ့်မည်။ ထို့ကြောင့် အားလုံးအတွက် မနက်ဖြန်ကို ဝိုင်းဝန်းလက်တွဲ တည်ဆောက်နိုင်ကြရန် အထူးအရေးကြီးပါသည်။ မျှော်မှန်းထားသော ဒီမိုကရေစီနိုင်ငံတော်ကြီးအတွက် အသိပညာ ဆင်ခြင်မှုများ၊ စည်းလုံးညီညွတ်မှုများ၊ တာဝန်ကိုယ်စီ ကျေပွန်မှုများ၊ ဖွဲ့လုံ့လ၊ ဝီရိယ၊ စာရိတ္တနှင့် စည်းကမ်းရှိမှုများ၊ မျိုးချစ်စိတ်ဓာတ်များ၊ ရိုးသားသော၊ ရိုင်းပင်းကူညီတတ်သော အကျင့်စရိုက်များ၊ ပြေပြစ်ယဉ်ကျေးချိုသာ မှန်ကန်သော ပြောဆိုဆက်ဆံမှုများ၊ အကောင်းအဆိုး အကြောင်းအကျိုး မှန်ကန်စွာ ဆင်ခြင်သုံးသပ်ဝေဖန်ပိုင်းခြားတတ်မှုများ၊ စုပေါင်းပါဝင် လုပ်ဆောင်လိုမှုများ၊ ကိုယ့်စာပေယဉ်ကျေးမှုကို အလေးထားမြတ်နိုးတတ်မှုများ စသည်ဖြင့် များစွာသော ပေးဆပ် လုပ်ကိုင်ကြိုးပမ်း ဆောင်ရွက်မှုများဖြင့် ခရီးဆက် ချီတက်ကြရဦးမည် ဖြစ်ပါသည်။**

ထို့ကြောင့် မိမိတို့ မြန်မာနိုင်ငံသား အားလုံးသည် စိတ်တူ၊ ကိုယ်တူ အချိုးကျ တာဝန်ယူ ပူးပေါင်းလက်တွဲ လုပ်ဆောင်ကြရင်း အားလုံးအတွက် မနက်ဖြန်များ-

- **လှပသစ်လွင် ဝေဆာပါစေ။**
- **ချမ်းမြေ့ကြည်နူးသံများ လွှမ်းပျံ့ပါစေ။**
- **သားသားမီးမီးများအတွက် လုံခြုံချမ်းမြေ့နေချင်စဖွယ် ကမ္ဘာလေးများ တည်ဆောက်ပေးနိုင်ကြပါစေ။**
- **'မြန်မာ'ဟူသည် နာမဂုဏ်ဒြပ်တို့ ကမ္ဘာ့သမိုင်းမှာ မော်ကွန်းတင် ကမ္ပည်းရေးထိုး နိုင်ပါစေ။**
- **ပြည်ထောင်စုကြီး စည်းလုံးခိုင်မြဲစွာ အစဉ်ထာဝရ တည်နိုင်ပါစေ**

ဟူ၍ အလေးအနက် ဆန္ဒပြုလိုက်ပါသည်။

အားလုံးအတွက် မနက်ဖြန်များကို အားလုံးပါဝင် လက်တွဲလျက် ပုံဖော်စွမ်းဆောင် အောင်မြင်နိုင်ကြပါစေ။ ။

**ပုသိမ်မြို့နယ် အလက(၁)ကျောင်းဝင်းအတွင်း ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(သန့်)ဦးမျိုးထိုက်ဝင်းနှင့်အဖွဲ့ ခြင်ဆေးဖျန်းစက်ဖြင့် ဆေးဖျန်းခြင်းလုပ်ငန်း ဆောင်ရွက်ရာ၌ အမှုဆောင်အရာရှိ ဦးအောင်မင်းနိုင်ကြီးကြပ်ဆောင်ရွက်စဉ်။**

(သတင်းစဉ်)



## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး

## သံဖြူဇရပ်မြို့နယ်၌ အလှူငွေပေးအပ်ပွဲကျင်းပ

သံဖြူဇရပ် ဇွန် ၁၉

သံဖြူဇရပ်မြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ မီးသတ်ဦးစီးဌာနပိုင် မီးသတ်ယာဉ်တစ်စီးကို ဓာတ်ဆီအင်ဂျင်မှ ဒီဇယ်အင်ဂျင်သို့ ပြောင်းလဲတပ်ဆင်နိုင်ရေးနှင့် ယာဉ်ကြံ့ခိုင်ရေး ဆောင်ရွက်ရန်အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁၅ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

### ပြန်လည်ပေးအပ်

ရှေးဦးစွာမြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က အလှူငွေ ပေးအပ်လှူဒါန်းခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် အလှူရှင်များက အလှူငွေများလှူဒါန်းကြရာ ကျုံကဒါတ် ကျေးရွာ MRGT ရော်ဘာခြံ ကုမ္ပဏီက အလှူငွေ ကျပ်၁၀သိန်းနှင့် သံဖြူဇရပ်မြို့ပေါ်ရှိ လုပ်ငန်းရှင်များ၊ ရပ်ကွက်နှင့်ကျေးရွာ ဥက္ကဋ္ဌများက အလှူငွေများ လှူဒါန်းကြပြီး **(ယာပုံ)** မြို့နယ်ဥက္ကဋ္ဌက လက်ခံယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။ မီးဘေးကြိုတင် ကာကွယ်ရေးအတွက် အလှူရှင်များ၏ လှူဒါန်းငွေပေါင်းမှာ ငွေကျပ် ၃၇သိန်းကျော် ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



# လိမ့်မော်ရောင် နယ်သာလန် နောက်တစ်ဆင့်တက်ရန် သေချာ ဂါနာနှင့် ဩစတြေးလျ တစ်မှတ်စီ ခွဲဝေယူခဲ့ကြ

မြင့်မောင်စိုး-စုစည်းရေးသားသည်

ဂျိုဟန်နစ္စဘတ် ဇွန် ၁၉

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အုပ်စု ပွဲစဉ်များကို ဇွန် ၁၉ရက် ညနေပိုင်းက ဆက်လက်ယှဉ်ပြိုင် ကစားခဲ့ကြသည်။ လိမ့်မော်ရောင် နယ်သာလန်အသင်းနှင့် အာရှသားဂျပန်တို့သည် အုပ်စု(င) ပြိုင်ပွဲအဖြစ် ဒါဘန်ကွင်း၌ ယှဉ်ပြိုင်ကစားရာ နယ်သာလန်အသင်းက တစ်ဂိုးတည်းဖြင့် အနိုင်ရရှိသွားသည်။

**ပံ့ပိုးပေး**

နယ်သာလန်နည်းပြ ဘတ်ဗန်မာဝတ်သည် အဖွင့်ပွဲတွင် အနိုင်ရခဲ့သည့်အခင်းအကျင်းအတိုင်း ဗန်ဒါဗတ်၊ စနိုက်ဒါ၊ ဒက်ကွတ်ဇ်တို့၏တိုက်စစ်ဖြင့် ဗန်ပါစီကို အဓိကဂိုးသွင်းနိုင်အောင် ပံ့ပိုးပေးခဲ့သည်။

**အနိုင်ဂိုး**

ပထမပိုင်းတွင် ဂျပန်အသင်းနှင့်အပြန်အလှန် ခြေရည်တူကစားခဲ့ပြီး သရေဖြစ်ခဲ့ကာ ဒုတိယပိုင်း၌ နယ်သာလန်က ဂျပန်နောက်တန်းကို စိုးမိုးထားနိုင်ခဲ့သည်။ ပွဲချိန် ၅၂ မိနစ်တွင် ဂျပန်ဂိုးသမား ကာဝါရှိမာထံမှ ပြန်ထွက်လာသောဘောလုံးကို အင်တာမီလန် ကွင်းလယ်ကစားသမား စနိုက်ဒါက မနားတမ်း ကန်သွင်းလိုက်၍ နယ်သာလန်တို့ အနိုင်ဂိုးရခဲ့သည်။

**သေချာ**

ပွဲသိမ်းခရာမမှုတ်မီ နှစ်ဖက်စလုံးမှ ဂိုးသွင်းခွင့်များရခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ဂျပန်ကစားသမား အိုဇာကီ ၁၀ ကိုက်အကွာမှ သွင်းသောဘောလုံးမှာ ဂိုးဘားတန်းပေါ်ကျော်သွား၍ ချေပဂိုးနှင့်လွဲခဲ့ရသည်။ နယ်သာလန်တို့ ယင်းပွဲ အနိုင်ရလိုက်၍ အုပ်စုတွင်း ရမှတ်ခြောက်မှတ်ရရှိကာ နောက်တစ်ဆင့် ၁၆သင်းပြိုင်ပွဲသို့တက်ရန် သေချာသွားပြီဖြစ်သည်။

**ဩစတြေးလျ အသင်းအတွက် ဟော်လ်မန်းက ဦးသို့ ဂိုးသွင်းယူခဲ့သည်။**





**ဂါနာနှင့် ဩစတြေးလျ**

အာဖရိကနာမည်ကြီး ဂါနာအသင်းနှင့် ဩစတြေးလျအသင်းတို့သည် ရူစတင်ဘတ်ကွင်း၌ အုပ်စု(ဃ) ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ပွဲစပြီး ၁၁မိနစ်အကြာ ဟော်လ်မန်းက ဩစတြေးလျ အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူခဲ့သည်။

**ပယ်နယ်တီ**

ဂါနာတို့ ချေပဂိုးသွင်းယူနိုင်ရေး တရစပ်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၂၅မိနစ်တွင် ကီးဝဲလ်က ဩစတြေးလျ ဂိုးရိယာအတွင်း ဘောလုံးကို လက်နှင့် ဖမ်းကိုင်ခဲ့သဖြင့် ဒိုင်လူကြီးက အနီကတ်ပြပြီး ထုတ်ပယ်လိုက်သည့်အပြင် ဂါနာတို့အား ပယ်နယ်တီကန်ခွင့်ပေးလိုက်သည်။ ယင်းပယ်နယ်တီကို ဂါနာကစားသမားဂိုင်ယန်က ကန်သွင်းယူလိုက်သဖြင့် ဂါနာတို့ ချေပဂိုးရခဲ့သည်။

**ဂျပန်အသင်းဘက်သို့ နယ်သာလန် တိုက်စစ်မှူး ဒက်ကွတ်ဇ် ဂိုးသွင်းယူရန် ဦးသို့ ကြိုးစားခဲ့သည်။**

**ခွဲဝေ**

ဒုတိယပိုင်းတွင် တစ်ဖက်နှင့်တစ်ဖက် အကြိတ်အနယ် ထိုးဖောက်ကစားခဲ့သော်လည်း အနိုင်ဂိုး မသွင်းနိုင်ကြသဖြင့် တစ်မှတ်စီ ခွဲဝေယူခဲ့ကြသည်။

**ကိုးကား-အင်တာနက်**

# ကမ္ဘာ့ဖလား နောက်ဆုံးရသတင်းများ

**အာကာဟိန်း - စုစည်းတင်ပြသည်**

## ဒိုင်လူကြီးများကိုပြန်လည်ဆန်းစစ်သင့်ဟု ပါရာဂွေးနည်းပြပြောကြား

*၂၀၁၀ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ၌ တာဝန်ယူနေကြသော ကွင်းလယ်ဒိုင်လူကြီးများ၏ ဆုံးဖြတ်ချက်များသည် မှားယွင်းမှုများဖြစ်ပေါ်နေရာ အသင်းများနစ်နာမှုဖြစ်ပေါ်နေသဖြင့် ဖီဖာက ဒိုင်လူကြီးများအား ပြန်လည်ဆန်းစစ်သင့်ပါကြောင်း ပါရာဂွေးနည်းပြ မာတီနိုက ဇွန် ၁၉ရက်၌ ပြောကြားသည်။*

## နိုင်ဂျီးရီးယား နောက်တစ်ဆင့်တက်ရန် အခွင့်အရေးမရနိုင်တော့

*နိုင်ဂျီးရီးယားအသင်းသည် ဂရိအား နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးခဲ့သည့်အတွက် နောက်တစ်ဆင့်တက်ရေးမှာ အခွင့်အရေးမရနိုင်တော့ကြောင်း နိုင်ဂျီးရီးယားနည်းပြ လာဂါဘက်က ဇွန် ၁၉ရက်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။*

## မက္ကဆီကိုအသင်းကို အီဗရာ ချီးကျူး

*ပြင်သစ်ကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သော မက္ကဆီကိုအသင်းကို မိမိလေးစား ချီးကျူးကြောင်း၊ မိမိတို့အသင်း၏ ခြေစွမ်းအမှန်ကို သိရှိခဲ့ရပြီဖြစ်ကြောင်း ပြင်သစ်အသင်းခေါင်းဆောင် အီဗရာက ဇွန် ၁၉ရက်၌ သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားလိုက်သည်။*

## ဂျာမနီနှင့် ဆားဗီးယားပွဲ၌ ကွင်းလယ်ဒိုင်လူကြီး ဆုံးဖြတ်ချက်မှားယွင်း

*ဂျာမနီအသင်းသည် ဆားဗီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးခဲ့သောပွဲစဉ်၌ ကွင်းလယ်ဒိုင်လူကြီးသည် ပယ်နယ်တီပြစ်ဒဏ်ဘောနှစ်ကြိမ်ကို မိမိတို့အား အခွင့်အရေးမပေးခဲ့ကြောင်း၊ မှားယွင်းစွာဆုံးဖြတ်ခဲ့ကြောင်း နည်းပြဂျိုအာချင်လိုက ဇွန်၁၉ရက်၌ ထုတ်ဖော်ပြောကြားသည်။*

## အောင်ပွဲသည် မိမိတို့လက်ထဲ၌ရှိနေကြောင်း ဗီဒစ်ပြောကြား

*ဂျာမနီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သော ဆားဗီးယားအသင်းခေါင်းဆောင် ဗီဒစ်က မိမိတို့အသင်းသည် မည်သည့်အသင်းကိုမဆို အနိုင်ရအောင် ကစားနိုင်သည့် ခြေစွမ်းရှိကြောင်း၊ အောင်ပွဲသည် မိမိတို့လက်ထဲ၌ရှိကြောင်း သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။*

## ပြင်သစ်အသင်း ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် မထိုက်တန်

*၂၀၁၀ကမ္ဘာ့ဖလားပြိုင်ပွဲဝင် ပြင်သစ်အသင်း၏ ခြေစွမ်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ထိုက်တန်သည့် ခြေအဆင့်အတန်းမရှိကြောင်း ပြင်သစ်မီဒီယာများက ပြင်းထန်စွာ ဝေဖန်ရေးသား ဖော်ပြခဲ့ကြသည်။ ။ (အင်တာနက်)*

# ရတနာပုံ-ဇေယျာရွှေမြေ၊ မနောမြေ-ဥဿာတို့ရဲ့ သရေရလဒ်နဲ့ ပြီးဆုံးခဲ့တဲ့ MNL အရန်အသင်းပြိုင်ပွဲ အဖွင့်ပွဲစဉ်

**သတင်းမြင်ကွင်းနှင့် ဓာတ်ပုံမှတ်တမ်း-ဖိုးသော်ဇင်** **စာမျက်နှာဖွဲ့စည်းမှု - ဝင်းနိုင် (မြန်မာ့အလင်း)**

ရန်ကုန် ဇွန် ၁၉

၂၀၁၀ MNL အရန်အသင်းများ အမှတ်ပေးဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁)ကို ယနေ့ ညနေ ၄ နာရီက သုဝဏ္ဏကွင်းနဲ့ အောင်ဆန်းကွင်းတို့၌ စတင်ကျင်းပရာ ရတနာပုံနဲ့ ဇေယျာရွှေမြေ၊ မနောမြေနဲ့ ဥဿာယူနိုက်တက်တို့ သရေပွဲတွေ ဖြစ်သွားပါတယ်။



ဇေယျာရွှေမြေမှ မျိုးကျော်၏ ထိုးဖောက်မှုကို ရတနာပုံနောက်ခံလူ ကာကွယ်ဖျက်ထုတ်စဉ်။

**သုဝဏ္ဏကွင်း**

**ရတနာပုံ-ဂိုးမရှိ ဇေယျာရွှေမြေ-ဂိုးမရှိ**

ပြီးခဲ့တဲ့ ၂၀၀၉ ပြိုင်ပွဲတုန်းက ဒုတိယဆုရရှိခဲ့တဲ့ ဇေယျာရွှေမြေအသင်းကတော့ အဖွင့်ပွဲစဉ်မှာ သရေတစ်မှတ်သာ ရယူနိုင်ခဲ့ပါတယ်။ အသင်းကြီးက စည်သူသန်း၊ ထူးကျော်နဲ့ အောင်ကိုကိုဝင်းတို့သာပါဝင်ပြီး လူငယ်အများစုနဲ့ ဖွဲ့စည်းထားတဲ့ ဇေယျာရွှေမြေအသင်းဟာ ရတနာပုံအသင်းကို အပြန်အလှန် ကစားနိုင်ခဲ့ပြီး ဂိုးသွင်းခွင့်တွေ ရခဲ့ပေမယ့် အဆုံးသတ်အားနည်းလို့ အနိုင်မရခဲ့တာဖြစ်ပါတယ်။

နည်းပြဦးခင်မောင်တင့်နဲ့ ရတနာပုံလူငယ်အသင်းတို့ အခြေခံဖွဲ့စည်းထားပြီး အသင်းကြီးမှ ဒဏ်ရာကပြန်ကောင်းလာတဲ့ ထွန်းထွန်းဝင်းသာပါဝင်ခဲ့တဲ့ ရတနာပုံအသင်းဟာလည်း ပွဲဦးထွက်ပွဲစဉ်မှာ နိုင်ပွဲမရယူနိုင်ခဲ့ပါဘူး။ ခြေချင်းဝတ်အရိုးကျိုးဒဏ်ရာက ပြန်ကောင်းလာတဲ့ ထွန်းထွန်းဝင်း အကောင်းဆုံးပုံစံမရသေးသလို AFC President's Cup ပြိုင်ပွဲမှ အုပ်စုပွဲစဉ်တွေမှာ ခြေစွမ်းပြခဲ့တဲ့ လူငယ်ကစားသမားရဲဘိုဦးကလည်း အသင်းတိုက်စစ်ကို ဦးမဆောင်နိုင်ခဲ့ပါဘူး။

ပထမပိုင်းမှာ ရတနာပုံအသင်း ပိုဖိကစားနိုင်ခဲ့ပေမယ့် ဇေယျာရွှေမြေအသင်းက ဂိုးသွင်းခွင့်တွေပိုရခဲ့ပါတယ်။ တိုက်စစ်မှူးမျိုးကျော်နဲ့ ကွင်းလယ်ကစားသမား အောင်ဘိုဘိုဝင်းတို့ အပိုင်ဂိုးသွင်းခွင့်တွေကို အသုံးမချနိုင်လို့ ဇေယျာရွှေမြေ ဂိုးမရခဲ့ပါဘူး။ ဒုတိယပိုင်းမှာ ပွဲဟာ အပြန်အလှန်ရှိခဲ့သလို ဂိုးသွင်းခွင့်တွေလည်း ကိုယ်စီရခဲ့ပါတယ်။ ၅၇ မိနစ်မှာ ထွန်းထွန်းဝင်း အပိုင်ကန်ခွင့်ရပေမယ့် ကန်ချက်ပျော့ခဲ့သလို စိုးကျော်ကျော်နဲ့ ကျော်စွာလင်းတို့ရဲ့ ကန်ချက်တွေကလည်း ဂိုးမဖြစ်ခဲ့တာကြောင့် ရတနာပုံအနိုင်မရခဲ့တာပါ။ ဇေယျာရွှေမြေအသင်းကလည်း ထူးကျော်၊ စည်သူသန်းတို့ ဂိုးသွင်းခွင့်တွေကို အသုံးမချနိုင်ခဲ့တာကြောင့် ဂိုးမရှိသရေနဲ့ ပြီးဆုံးခဲ့တာပါ။

အောင်ဆန်းကွင်းမှာကျင်းပခဲ့တဲ့ ပွဲစဉ်မှာ မနောမြေအသင်းနဲ့ ဥဿာယူနိုက်တက်တို့ တစ်ဂိုးစီ သရေကျသွားခဲ့ပါတယ်။ ။ **(မြန်မာ့အလင်း)**

**ယနေ့ပွဲ**

**သုဝဏ္ဏကွင်း**

**ဖွဲ့ကပင်ယူနိုက်တက်-မကွေး**

**အောင်ဆန်းကွင်း**

**နေပြည်တော်-ဆောက်သမ်းမြန်မာ**

# ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ကြေးပေးအပ်

နေပြည်တော် ဇွန် ၁၉

နေပြည်တော်ပျဉ်းမနား မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ၂၀၁၀-၂၀၁၁ခုနှစ် ပညာသင်စရိတ်ထောက်ပံ့ ပေးအပ်ပွဲ အခမ်းအနားကို မေ ၃၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးကျော်တင့်က အမှာစကားပြောကြားပြီး ဝန်ထမ်းမိသားစုများ၏ သားသမီးများမှ တက္ကသိုလ်၊ ကောလိပ်၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းပညာသင်ကြားနေကြသော ကျောင်းသားကျောင်းသူ ၃၄ဦးတို့အား ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ငွေကျပ်၁၉၆၀၀၀ကို တစ်ဦးချင်းပေးအပ်ခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၁၁၁)**



20-6 (11).pmd 1 6/20/2010, 3:12 AM

# ပါရာဂွေးတို့ သုံးမှတ်အပြည့်ရနိုင်ပါ့မလား

# အိုင်ဗရီကို့စ်ကို ခက်ခဲစွာရင်ဆိုင်ရမည့် ဘရာဇီး

သုံးသပ်ရေးသားသူ - မောင်မောင်မြင့်ဆွေ ➤ စာမျက်နှာဖွဲ့စည်းမှု - ဉာဏ်ဖြိုး(မြန်မာ့အလင်း)

ကိတ်ဗ်တောင်း ဇွန် ၁၉

**၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်(၂၇)အဖြစ် ဆလိုဗက်ကီးယားနှင့် ပါရာဂွေး၊ ပွဲစဉ်(၂၈)အဖြစ် အီတလီနှင့် နယူးဇီလန်၊ ပွဲစဉ်(၂၉)အဖြစ် ဘရာဇီးနှင့်အိုင်ဗရီကို့စ်တို့ ဇွန်၂၀ရက် (ယနေ့)၌ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ နောက်တစ်ဆင့်တက်ရေး အကြိတ်အနယ် နွှဲရမည့်ပွဲများအဖြစ် မြင်တွေ့ကြရမည်ဖြစ်သည်။**

## ဆလိုဗက်ကီးယားနှင့် ပါရာဂွေး

အုပ်စု(ခ)မှ အသင်းများဖြစ်ပြီး ဆလိုဗက်ကီးယားက ပွဲဦးထွက်၌ နယူးဇီလန်ကို တစ်ဂိုးစီသရေပွဲဖြစ်ထားရာ တစ်မှတ်ရရှိထားသည်။ ဆလိုဗက်ကီးယားတို့ နယူးဇီလန်နှင့် ကစားခဲ့သည့်ပွဲ၌ ကွင်းလယ်တိုက်စစ်ပိုင်း အားကောင်းပြီး



**ကာကာ ဘရာဇီးအနိုင်ရအောင် မည်သို့စွမ်းဆောင်ပေးမှာလဲ....။**

ရှေ့တန်းမှ ဗီတက်ခ်နှင့် ဂျန်ဒရီဆက်တို့ ဂိုးသွင်းခွင့်ရအောင်လည်း ဖန်တီးပေးနိုင်သည်။ ကွင်းလယ်မှ ဝီအစ်နှင့် ဒူရီကာတို့က တောင်ပံအထိထွက်ပြီး တိုက်စစ်ကို ဖြတ်တင်ဘောများဖြင့် ပံ့ပိုးပေးနိုင်ရာ ပါရာဂွေးနောက်တန်းတို့ သတိထားရမည့် အချက်ပင်ဖြစ်သည်။ ဆလိုဗက်ကီးယားဂိုးသမား မူချာက အဝင်အထွက် အနည်းငယ်ကြမ်းသည်ဖြစ်ရာ လျင်မြန်သည့် ပါရာဂွေး တိုက်စစ်မှူးများကို အမှားများ ပြုလုပ်ခဲ့လျှင် ပယ်နယ်တီပြစ်ဒဏ်နှင့် ကြုံတွေ့သွားရနိုင်သည်။ ဆလိုဗက်ကီးယားတို့က စကာတယ်၊ စတရာဘာ၊ ဒူရီကာ၊ ဗီတက်ခ်နှင့် ဟမ်ဆစ်တို့ကို အားထားပြီး ပွဲထွက်လာဖွယ်ရှိနေသည်။ ဆလိုဗက်ကီးယားတို့က ပါဝါကောင်းပြီး လျင်လျင်မြန်မြန် ကစားနိုင်သော်လည်း အဆုံးသတ်ဂိုးသွင်းမှု၌ လိုအပ်ချက်များ ရှိနေဆဲဖြစ်သည်။ သို့သော် တောင်အမေရိကမှ ပါရာဂွေးကို ခြေရည်တူ ကစားနိုင်သည့် ခြေစွမ်းရှိနေသည်။

ပါရာဂွေးတို့ကလည်း ပွဲဦးထွက်၌ အီတလီကို တစ်ဂိုးစီသရေပွဲ ကစားနိုင်သဖြင့် ခြေစွမ်းကတော့ တွက်၍မရချေ။ ပါရာဂွေး နည်းပြမာတီနိုမှာ အစီအမံကောင်းသူဖြစ်သည်။ ပြိုင်ဘက်အသင်း၏ ကစားအား အတက်အကျကို ကောင်းကောင်း တွက်ချက်တတ်သူဖြစ်ရာ ဆလိုဗက်ကီးယားအသင်းကို စနစ်တကျ ပြင်ဆင်ရင်ဆိုင်ရမည်သာဖြစ်သည်။ ပါရာဂွေးတို့က လက်ရှိချန်ပီယံ အီတလီအသင်းကို ဖွေဆော်ဦး ဂိုးသွင်းယူနိုင်ခဲ့မှုမှာ ဆလိုဗက်ကီးယားတို့ သတိပြုစရာဖြစ်နေသည်။ အသင်းလိုက်ကစားအား ကောင်းသည့်အပြင် အမှားအယွင်း နည်းအောင် ကစားတတ်သည့် ပါရာဂွေးတို့က ယခုပွဲ၌ နိုင်ပွဲရအောင်ကစားရမည်ဖြစ်သည်။ ပါရာဂွေးတွင် ဗာဒက်ဇ်၊ နူနက်ဇ်နှင့် ကာစီရက်ဇ်တို့က ရှေ့တန်း၌ ထိထိရောက်ရောက် ထိုးဖောက်နိုင်ကြသူများဖြစ်သည်။ ကွင်း



**အီတလီအတွက် ဂိုးသွင်းဖို့ လိုအပ်နေသည့် ဂီလာဒီနို။**

လယ်မှ ဗီရာ၊ ကာစီရက်ဇ်တို့အားဖြင့် အချိတ်အဆက်မိမိဖြင့် ကစားနိုင်သူများဖြစ်ရာ ဆလိုဗက်ကီးယား နောက်တန်းကို ရအောင်ထိုးဖောက်ပြီး ဂိုးရရှိရေး ကြိုးစားကြရမည်မှာ သေချာသည်။ ပါရာဂွေး၏ အားက နောက်တန်းခံစစ်မှူးများအပေါ် မူတည်နေသည်။ တစ်ဦးနှင့် တစ်ဦး နားလည်မှုရှိပြီး အမှားအယွင်း နည်းကြသူများဖြစ်ရာ ဆလိုဗက်ကီးယားတို့ ထိုးဖောက်ရာတွင် အခက်အခဲတွေ့နိုင်သည်။ သို့သော် ဆလိုဗက်ကီးယား တိုက်စစ်မှူးများကလည်း အမှတ်မထင် အားပြင်းသည့် ကန်ချက်များဖြင့် ဂိုးသွင်းနိုင်ကြသူများဖြစ်နေရာ မည်သည့်အသင်းမျှ အသာရနိုင်မှုရှိမည် မဟုတ်ချေ။

## အီတလီနှင့် နယူးဇီလန်

လက်ရှိချန်ပီယံ အီတလီတို့လည်း ပွဲဦးထွက်၌ တစ်မှတ်ရအောင် အသည်းအသန်ကြိုးစားခဲ့ရသဖြင့် ဝေဖန်ပြစ်တင်မှုများနှင့် ကြုံတွေ့နေရသည်။ ထိုဝေဖန်ချက်များကို ယခုပွဲ၌ အနိုင်ရလဒ်ဖြင့် ချေဖျက်နိုင်အောင် ကြိုးစားတော့မည်ဖြစ်သည်။ အီတလီတို့က အထနှေးသည်မှန်သော်လည်း ကစားကွက်ကိုထိန်းပြီး ယှဉ်ပြိုင်နိုင်သည်။ အီတလီတို့ ပါရာဂွေးနှင့် တစ်ဂိုးစီ သရေပွဲ ရလဒ်ဖြစ်ခဲ့သော ကစားသမားများကို အနည်းငယ် အပြောင်းအလဲ ပြုလုပ်ကာ ပွဲထွက်လာမည် ဖြစ်သည်။ ဂီလာဒီနို၊ မွန်တိုလီဗို၊ ကာမိုရာစီနီ၊ ဒီရော့စီနှင့် ပီပီတို့ကို ပြန်လည်ထည့်သွင်းကာ နယူးဇီလန်ကို အနိုင်သုံးမှတ်ရရှိရေး ဗျူဟာခင်းကျင်းမည်မှာ အမှန်ပင်ဖြစ်သည်။ အီတလီတွင် ပထမဂိုးသမား ဘတ်ဖွန် ဒဏ်ရာမသက်သာ၍ ယခုပွဲ၌ ပါဝင်ကစားနိုင်ရန် မလွယ်ကူချေ။ ကွင်းလယ်ကစားအားနှင့် တိုက်စစ်ပိုင်း ထက်မြက်အောင် ပြုလုပ်မှသာ အီတလီတို့ နယူးဇီလန်ကို အနိုင်ပွဲရလဒ်မျှော်မှန်းနိုင်သည်။ အီတလီတို့ ကမ္ဘာ့ဖလားသမိုင်း၌ အုပ်စုပွဲမှ ထွက်ခဲ့



**နူနက်ဇ် ပါရာဂွေးတိုက်စစ်ကို ပံ့ဖော်ပေးနိုင်ပါ့မလား....။**

ရသည့် မှတ်တမ်းတင်မည်မဟုတ်ရာ အုပ်စုမှ တက်ရောက်ရေးအတွက် ရလဒ်ကောင်းအောင်ကြိုးစားမည်သာ ဖြစ်သည်။

နယူးဇီလန်တို့ကလည်း ဆလိုဗက်ကီးယားကို ပွဲဦးထွက်၌ တစ်ဂိုးစီသရေပွဲ ကစားထား၍ တစ်မှတ်ရရှိထားပြီဖြစ်ရာ နောက်တစ်ဆင့်တက်ရေး မျှော်လင့်ချက်ဖြင့် အီတလီကို ခံကစားသွားမည်ဖြစ်သည်။ နယူးဇီလန်တိုက်စစ်တွင် ဖာလွန်က ဂိုးသွင်းမသေချာသော်လည်း တစ်ဖက်အသင်းနောက်တန်းကို မွှေနှောက်နိုင်သည်။ စီမွန်၊ ဘာတို့စ်၊ စနစ်တို့အပြင် နောက်တန်းမှ နယ်လ်ဆင်တို့ကလည်း အခွင့်အရေးရလျှင် ဂိုးသွင်းနိုင်သည်။ သို့သော် ကွင်းလယ်ကစားကွက် ပြတ်တောက်နေတတ်သဖြင့် နယူးဇီလန် တိုက်စစ်က မထက်မြက်ချေ။ အီတလီတို့က ယခုပွဲ၌ နိုင်ပွဲရလဒ်ကို အရယူပြီး သုံးမှတ်အပြည့် သိမ်းဆည်းကာ နောက်တစ်ဆင့်တက်ရေး ကြိုးစားမည်မှာ အမှန်ပင်ဖြစ်သည်။

## ဘရာဇီးနှင့် အိုင်ဗရီကို့စ်

အုပ်စု(ဆ)မှ ဘရာဇီးတို့ မြောက်ကိုရီးယားကို အနိုင်ရထားသဖြင့် သုံးမှတ်အပြည့်ရရှိထားသလို အိုင်ဗရီကို့စ်တို့ကလည်း နာမည်ကြီး ပေါ်တူဂီကို ဂိုးမရှိသရေပွဲဖြင့် တစ်မှတ်ရယူထားသည်။ ဘရာဇီးတို့ခြေစွမ်းက ပုံမှန်အနေအထားအတိုင်း ခြေစွမ်းပြနိုင်သည်။ နည်းပြဒွန်ဂါက ဘရာဇီးအသင်းကို စိတ်တိုင်းကျ ပုံသွင်းထားရာ အိုင်ဗရီကို့စ်တို့ ခြေစွာသော်လည်း ဘရာဇီးတို့က ကစားကွက်ထိန်းကာ နောက်တစ်ဆင့်တက်ရေး သေချာရန် ကြိုးစားမည်ဖြစ်သည်။ ဘရာဇီးကွင်းလယ်မှ မီလို၊ အီလာနိုနှင့် ကာကာတို့က တိုက်စစ်ကို အားကောင်းအောင် ဖန်တီးနိုင်ကြသူများဖြစ်သည်။ မြောက်ကိုရီးယားနှင့်ပွဲ၌ ထုတ်သုံးခဲ့သည့် ရော်ဘင်ဟိုနှင့် ဖာဘီရာနိုတို့အတွဲကို နည်းပြဒွန်ဂါက အပြောင်းအလဲပြုလုပ်ဖွယ်ရှိနေသည်။ အိုင်ဗရီကို့စ်နှင့်ပွဲကို ၄း၄း၂အခင်းအကျင်းဖြင့် ပွဲထွက်မည်ဆိုလျှင် အိုင်ဗရီကို့စ် တိုက်စစ်မှူးဖြစ်သည့် ဒရော့ဘာတို့ အခက်အခဲတွေ့နိုင်သည်။ အိုင်ဗရီကို့စ်တို့က တွန်းတွန်းတိုက်တိုက် ကစားနိုင်ကြသော်လည်း ဂိုးရရှိရေး အားထုတ်မှုအပိုင်း၌ ဒဏ်ရာရရှိနေသော ဒရော့ဘာအပေါ် မှီခိုလွန်းနေသည်။ ဘရာဇီးတိုက်စစ်က အိုင်ဗရီကို့စ် ခံစစ်မှူးများကို ကျော်ဖြတ်ကာ ဂိုးရရှိရေး ကြိုးစားကြမည်ဖြစ်ရာ မည်သို့ ဂိုးသွင်းနိုင်မည်ကို စောင့်ကြည့်ရမည်။ ဘရာဇီးတို့ ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်း၌ အုပ်စုမှ လှည့်ပြန်ရသည့် အစဉ်အလာမရှိရာ ယခုပွဲတွင် အမှတ်ရအောင် ကစားမည်ဖြစ်သည်။ အိုင်ဗရီကို့စ်ကလည်း အမှတ်ပြည့်ရယူရေး မဖြစ်မနေ ခြေကုန်ဖွင့်မည်ဖြစ်ရာ နိုင်ပွဲအခွင့်အရေးက တန်းတူရှိနေသည်ဟု ယူဆရပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

# အင်္ဂလန်တို့ ဘင်သံမဝေစည်နိုင်ခဲ့

# နောက်တစ်ဆင့်တက်ရေး ရင်မနေရပြီ

မောင်ချစ်ကြည် - ရေးသားသည်

ကိတ်ဗ်တောင်း ဇွန် ၁၉

**ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ ပွဲစဉ်(၂၃)အဖြစ် အုပ်စု(ဂ)မှ အင်္ဂလန်နှင့် အယ်လ်ဂျီးရီးယားတို့ ဇွန် ၁၉ရက်က ယှဉ်ပြိုင်ကစားရာ နာမည်ကြီးအင်္ဂလန်တို့ ဂိုးမရှိသရေပွဲ ဖြစ်ခဲ့ပြန်သဖြင့် အုပ်စုမှ နောက်တစ်ဆင့်တက်ရေး အင်္ဂလန်ပရိသတ်တို့ ရင်ပူနေကြရပြီ ဖြစ်သည်။**

## အခင်းအကျင်း

အင်္ဂလန်နည်းပြ ကာပယ်လိုသည် အယ်လ်ဂျီးရီးယားကို အနိုင်ရရှိရေးအတွက် ၄း၄း၁း၁ အခင်းအကျင်းဖြင့် ဟက်စကီးကို တိုက်စစ်မြားဦးထားပြီး လျှံထွက်လာသည့် ဘောလုံးများကို ရွန်နီက အပိုင်ကန်သွင်းမည့်စနစ်ကို ချမှတ်ခဲ့သည်။ ဝဲယာတောင်ပံတွင် ဂျရတ်နှင့် လီနွန်တို့က အားဖြည့်ကာ တိုက်စစ်ကို တောင်ပံ၊ ကွင်းလယ်များကလည်း ပံ့ပိုးရန်စီစဉ်ခဲ့သည်။

အယ်လ်ဂျီးရီးယားတို့ကလည်း တိုက်စစ်တွင် ဇိုင်ရာနီ၊ ဘောက်ဒီဘူနှင့် မတ်မော့ရ်တို့ကို တင်ထားပြီး အင်္ဂလန်နောက်တန်းကို ထိုးဖောက်ကစားစေခဲ့သည်။ အယ်လ်ဂျီးရီးယားတို့က ၃း၄း၃ဗျူဟာဖြင့် ပွဲထွက်ကာ အင်္ဂလန်ကို မာမာတင်းတင်း တုံ့ပြန်ကစားခဲ့သည်။



**အင်္ဂလန်နှင့် အယ်လ်ဂျီးရီးယားတို့ပွဲတွင် အသင်းခေါင်းဆောင် ဂျရတ်(ယာ) ဂိုးသွင်းယူနိုင်ရေး ဤသို့ ကြိုးစားခဲ့ပါသော်လည်း....။**

## လွဲချော်

ပွဲဦးထွက်၌အင်္ဂလန်တို့ တစ်မှတ်သာ ရရှိထားရာ ယခုပွဲအနိုင်ရမှဖြစ်မည့် စိတ်ဓာတ်နှင့် ဆုံးဖြတ်ချက်တို့ဖြင့် ပွဲအစမှာပင် တိုက်စစ်ဖွင့်ကစားခဲ့ရာ ၁၁မိနစ်၌ ဟက်စကီး၏ အပိုင်ခေါင်းတိုက်ချက်၊ ၁၆မိနစ်၌ ဂျရတ်၏ကန်ချက်များ မသေချာခဲ့သဖြင့် အင်္ဂလန်တို့ ဂိုးရရှိရေး လွဲချော်ခဲ့ရသည်။

## ကာကွယ်

ထို့အတူ အယ်လ်ဂျီးရီးယားတိုက်စစ်မှူးများ၏ အပိုင်ကန်သွင်းချက်အချို့ကို အင်္ဂလန်ဂိုးသမား ဒေးဗစ်ဂျိမ်း ကာကွယ်နိုင်ခဲ့သဖြင့် အင်္ဂလန်တို့ သက်သာရာ ရရှိခဲ့ခြင်းဖြစ်သည်။ အင်္ဂလန်အသင်းကွင်းလယ်မှ လမ်းပတ်နှင့် ဘယ်ရီတို့က တိုက်စစ်မှူးများ ဂိုးသွင်းခွင့်ရရန်ဖန်တီးပေးရာတွင် အပိုအလိုများ ဖြစ်ပေါ်နေသည့်အပြင် ရွန်နီ၏ကန်သွင်းချက်များကလည်း ပီပြင်မှုမရှိ ဖြစ်ခဲ့ရသည်။

## ကန်သွင်း

သို့သော် ၃၉မိနစ်တွင် ဒဏ်ရာမှ သက်သာလာပြီး ပါဝင်ကစားသည့် ဘယ်ရီ၏ အပိုင်ကန်သွင်းချက်ကို အယ်လ်ဂျီးရီးယားဂိုးသမား ဘိုလ်ဟီကာကွယ်နိုင်ခဲ့သလို ပထမပိုင်းပွဲချိန်ပြည့်ခါနီး ရွန်နီ၏ကန်သွင်းချက်ကိုလည်း ဂိုးသမား ဘိုလ်ဟီ ကာကွယ်သွားနိုင်ခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း နှစ်သင်းစလုံး ဂိုးမသွင်းနိုင်ဘဲ သရေပွဲဖြစ်ခဲ့သည်။

## ဒုတိယပိုင်း

အင်္ဂလန်အသင်းသည် ဒုတိယပိုင်းပွဲချိန်အတွင်း၌လည်း ထူးခြားစွာကစားအား တက်မလာဘဲဖြစ်နေခဲ့သည်။ တိုက်စစ်မှူး ရွန်နီထံသို့ ထိထိရောက်ရောက် မပံ့ပိုးပေးနိုင်ဘဲဖြစ်နေရာ အင်္ဂလန်တိုက်စစ်သည် အယ်လ်ဂျီးရီးယားနောက်တန်းကို အချိန်ပြည့် ခြိမ်းခြောက်နိုင်မှုအနေအထား မရှိခဲ့ချေ။ မိနစ်၇၀၌ ဂျရတ်၏ အပိုင်ခေါင်းတိုက်သွင်းမှုကိုလည်း အယ်လ်ဂျီးရီးယား ဂိုးသမား ကာကွယ်သွားနိုင်ခဲ့သည်။

## အစားထိုး

အင်္ဂလန်နည်းပြ ကာပယ်လိုက တိုက်စစ်အသွင် ပြောင်းလဲသည့်အနေဖြင့် ခရောက်ချ်နှင့် ဒီဖိုးတို့ကို အစားထိုးဝင်ရောက်ကစားစေခဲ့သော်လည်း အင်္ဂလန်တိုက်စစ်က ထူးခြားစွာ တက်မလာခဲ့ရာမှ အင်္ဂလန်တို့ ဂိုးမရှိသရေပွဲကြုံခဲ့ရခြင်းဖြစ်သည်။ အင်္ဂလန်တို့ သရေပွဲနှစ်ပွဲ ဆက်တိုက်ကြုံတွေ့ခဲ့ရသဖြင့် အုပ်စု(ဂ)တွင် ဆလိုဗေးနီးယားက နှစ်ပွဲကစားပြီး လေးမှတ်ရရှိကာ ထိပ်ဆုံးရပ်တည်နေပြီး အင်္ဂလန်က နှစ်မှတ်ဖြင့် တတိယနေရာတွင်ရှိနေရာ အုပ်စုမှတက်ရေး မရေမရာဖြစ်နေသည်။ ။

**(အင်တာနက်)**

# မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

**ရန်ကုန် ဇွန် ၁၉**

၂၀၁၀ခုနှစ် ဇွန် ၂၆ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)မှ ကြီးမှူးကျင်းပသည့် တတိယအကြိမ် ကျပန်းစကားပြောပြိုင်ပွဲနှင့် ကဗျာရွတ်ဆို (အင်္ဂလိပ်၊ မြန်မာ)နှစ်ဘာသာဖြင့် ပဏာမလူရွေးပြိုင်ပွဲများကို ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ကျွန်းတောလမ်း မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ရုံးချုပ်၌ ဇွန် ၁၅ရက်မှ ၁၈ရက်အထိ ကျင်းပခဲ့ရာ ရန်ကုန်တိုင်း လေးခရိုင်အတွင်းရှိ မြို့နယ်များမှ ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များ ပြိုင်ပွဲဝင်ခဲ့ကြပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဇွန်၂၄ရက်တွင် ကျင်းပမည်ဖြစ်သည်။

## ကျင်းပမည်

ဆုရရှိသူများအား ဇွန် ၂၆ရက် နံနက် ၉နာရီတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ဗဟို)ရုံးချုပ်၌ ဆုချီးမြှင့်ပွဲနှင့် ဟောပြောပွဲများ ကျင်းပမည်ဖြစ်သည်။

(၁၂၁)



**စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဦးမြင့်ဦး ဒုတိယညွှန်ကြားရေးမှူးချုပ်(အင်/ယာ)သည် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးနှင့် အေးမြကြည်လင်ဈေးသို့ ဇွန် ၁၃ရက်က ရောက်ရှိပြီး ဈေးနှစ်ဈေးရှိ မီးဘေးလုံခြုံရေးဆောင်ရွက်မှု၊ နေ့မီး၊ ညမီးများ စနစ်တကျ ခွဲခြားဆောင်ရွက်မှု၊ အရန်မီးစက်များ၊ မီးငြိမ်းသတ်ရေးကိရိယာများ ကောင်းမွန်မှု ရှိ၊မရှိ စစ်ဆေးခြင်းနှင့် ဈေးသူဈေးသားများအား နေ့စဉ် မီးဘေးကာကွယ်ရေးနှိုးဆော်ချက်အနေဖြင့် ကက်ဆက်၊ စပီကာများဖြင့် သတိပေးဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးစဉ်။** (မြို့နယ်စည်ပင်)

## ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ စည်းဝေး

**ရန်ကုန် ဇွန် ၁၉**

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နှစ်ပတ်လည် အစည်းအဝေးနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၅ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ သုနာပြုတက္ကသိုလ် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ **(အောက်ပုံ)**

**ဆွေးနွေးတင်ပြ**

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက အဖွင့်အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ၂၀၀၉ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာအကျဉ်းနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း နှစ်ပတ်လည်အစည်းအဝေးမှ ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များအား တိုင်းကျန်းမာရေးဦးစီးဌာန ဒုဦးစီးမှူး ဒေါက်တာစန္ဒာက ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့များ၏ ၂၀၁၀ခုနှစ် ပထမလေးလပတ်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များအား ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက ဆွေးနွေးတင်ပြသည်။

**အမှာစကားပြောကြား**

ထို့နောက် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

(ခရိုင် ပြန်/ဆက်)





## မိုးစပါးစိုက်ပျိုးစရိတ်ပေးအပ်ပွဲ အခမ်းအနား တိုင်းမှူးဗိုလ်ချုပ်လှမင်း တက်ရောက်အမှာစကားပြောကြား

**ပဲခူး ဇွန် ၁၉**

International Sun Moon Star Agriculture Co.,Ltd. မှ ဒေသခံတောင်သူများထံ မိုးစပါးစိုက်ပျိုးစရိတ်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၀ရက် နံနက် ၉ နာရီက ပဲခူးမြို့ သီရိဟံသာခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှမင်း တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

**မှာကြား**

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ်လှမင်းက အဖွင့်အမှာစကားပြောကြားရာတွင် ကုမ္ပဏီများက ပံ့ပိုးကူညီသော အရင်းအနှီးများကို စနစ်တကျအသုံးချ၍ ဒေသခံတောင်သူများက နှစ်ဦးနှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းအောင် စိုက်ပျိုးကာ ပဲခူးတိုင်း၏ မိုးစပါး ပန်းတိုင်အထွက်နှုန်းရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားသည်။

**လက်ခံ**

ထို့နောက် ကုမ္ပဏီဥက္ကဋ္ဌက စိုက်ပျိုးစရိတ်ငွေထုတ်ချေးပေးခြင်းဆိုင်ရာများ ရှင်းလင်းတင်ပြပြီး ဒေသခံတောင်သူများထံ စိုက်ပျိုးစရိတ်ငွေများပေးအပ်ရာ သက်ဆိုင်ရာ တောင်သူကိုယ်စားလှယ်များက လက်ခံယူကြသည်။ ဆက်လက်၍ ဒေသခံတောင်သူများ ကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းသားသမီးများအား ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို ဇွန် ၁၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများနှင့် ဝန်ထမ်းသားသမီး ၁၅ ဦးတို့အား ပညာသင်ထောက်ပံ့ငွေကျပ် ၇၉၀၀၀ နှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၁၃၀၅၀၀ စုစုပေါင်း တန်ဖိုးငွေကျပ် ၂၁၀၁၀၀ ကို မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)



## သန်လျင်မြို့နယ် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဂါလန်နှစ်သောင်းဆံ့ ရေစုကန်ဆောက်လုပ်လှူဒါန်း

**ရန်ကုန် ဇွန် ၁၉**

သန်လျင်မြို့နယ် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဂါလန်နှစ်သောင်းဆံ့ ရေစုကန်တည်ဆောက်လှူဒါန်းပွဲကို ဇွန် ၁၈ရက် နံနက် ၉နာရီက သန်လျင်မြို့ သိမ်ကျောင်းစာသင်တိုက် ခန်းမဆောင်၌ ကျင်းပသည်။

**လှူဒါန်း**

ရှေးဦးစွာ ရေစုကန်အလှူရှင် သန်လျင်မြို့ အမှုထမ်းရပ်ကွက် အမှတ် (၁၄) ခိုင်ရွှေဝါလမ်းနေ ဦးဇော်လင်း-ဒေါ်တင်တင်ညို သား မောင်စိန်ဝင်း၊ သမီး မအေးသဥ္ဇာဇော် မိသားစုက ရေစုကန်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို သန်လျင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ မြို့နယ်မီးဘေးကြိုတင်ကာကွယ်ရေး နှင့် တားဆီးရေးဥက္ကဋ္ဌ ဦးဘိုထွန်း၊ ခရိုင် မီးသတ်ဦးစီးအရာရှိ ဦးဝင်းဝင်း၊ မြို့နယ် မီးသတ်စခန်းမှူး ဦးထွန်းလင်းတို့ထံ ပေးအပ်လှူဒါန်းကြသည်။ **(ယာပုံ)**

**အကုန်အကျ**

အဆိုပါ သိမ်ကျောင်းစာသင်တိုက်ဝင်း အတွင်းရှိ ဂါလန်နှစ်သောင်းဆံ့ ရေစုကန်ကို အလှူရှင်မိသားစုက ငွေကျပ် ၄၅သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခြင်းဖြစ်ပြီး သန်လျင်မြို့နယ်အတွင်း အရေးပေါ် မီးငြိမ်းသတ်ရေးလုပ်ငန်းများတွင် ဖြည့်ဆည်းကူညီ လှူဒါန်းပေးမည်ဖြစ်သည်။ (၁၈၄)



## ပဲခူးခရိုင် ထွေ/အုပ် ဝတ်စုံစရိတ်ထောက်ပံ့

**ပဲခူး ဇွန် ၁၉**

ပဲခူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများနှင့် ဝန်ထမ်းများအား ဝတ်စုံစရိတ်ထောက်ပံ့ပေးအပ်ပွဲကို မေ ၂၈ရက် နံနက်၁၀နာရီက ပဲခူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရုံးခန်း၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ ဦးမြင့်သူရက ထောက်ပံ့ကြေးငွေကျပ် ၆၄၃၀၀၀ကို ခရိုင်ဦးစီးအရာရှိ ဒေါ်အေးအေးဆန်းထံ ပေးအပ်သည်။

**ထောက်ပံ့ပေးအပ်**

ယင်းထောက်ပံ့ကြေးငွေမှာ တက္ကသိုလ်ကျောင်းသား ကျောင်းသူ ခြောက်ဦးအတွက် တစ်ဦးလျှင် ကျပ် ၁၅၀၀၀စီကိုလည်းကောင်း၊ အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူ သုံးဦးအတွက် တစ်ဦးလျှင် ကျပ် ၁၂၀၀၀စီကိုလည်းကောင်း၊ အခြေခံပညာ အလယ်တန်းကျောင်းသား ကျောင်းသူရှစ်ဦးအတွက် တစ်ဦးလျှင် ကျပ် ၁၀၀၀၀စီကိုလည်းကောင်း၊ အခြေခံပညာမူလတန်း ကျောင်းသား ကျောင်းသူလေးဦးအတွက် တစ်ဦးလျှင် ကျပ်၈၀၀၀စီကိုလည်းကောင်း၊ ဝန်ထမ်းဝတ်စုံစရိတ်အတွက် ဝန်ထမ်း ၂၇ဦးအတွက် တစ်ဦးလျှင် ကျပ် ၁၅၀၀၀စီကိုလည်းကောင်း ထောက်ပံ့ပေးအပ်သည်။ **(မြို့နယ် ပြန်/ဆက်)**



မြဝတီခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၏ ဦးဆောင်မှုဖြင့် မြဝတီမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်ဇော်ဦးနှင့် စည်ပင်ဦးစီးအရာရှိ ဦးကျော်သူလတ်တို့ ဇွန် ၁၂ ရက်က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်အတွင်းရှိ ကျောင်းများ၌ ခြင်ဆေးများမှုတ်ခြင်းကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (၁၀၁)



## အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် သင်တန်းတက်ရောက်ရန် မလေးရှားနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် ဇွန် ၁၉**

မလေးရှားနိုင်ငံ အမျိုးသမီးမိသားစုနှင့် လူမှုအသိုင်းအဝိုင်း ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအောက်ရှိ ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ဝင်နိုင်ငံများဆိုင်ရာ NAM Institute for the Empowerment of Women(NIEW)က ကြီးမှူး၍ ကွာလာလမ်ပူမြို့၌ ဇွန် ၁၄ ရက်မှ ၁၉ ရက် အထိကျင်းပမည့် Financially Empowering Women Through Education Industry သင်တန်း တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းဝင် Business Capacity Building Centre တည်ထောင်သူနှင့် အသင်းဝင်ဖြစ်သူ ဒေါ်သီတာသန့်သည် ဇွန် ၁၂ ရက် နံနက်က လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း အမှုဆောင် ဒေါ်ယဉ်ယဉ်အေးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

## မီးရထား တိုင်း(၆) မန်နေဂျာနှင့် အင်ဂျင်နီယာမှူးတို့ ဘူတာများစစ်ဆေး

**လက်ပံတန်း ဇွန် ၁၉**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား တိုင်း(၆) ပို့ဆောင်ရေး မန်နေဂျာ ဦးကျော်စိုးလင်းနှင့် မြို့ပြအင်ဂျင်နီယာဌာန အင်ဂျင်နီယာမှူး ဦးသိန်းဇော်ဦးတို့သည် ဇွန် ၁၅ရက်က ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းဘူတာသို့သွားရောက်ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံရာ ဘူတာသန့်ရှင်းရေး၊ မတော်တဆမှုမဖြစ်ပွားရေးတို့ကို ဒုကြီးကြပ်ရေးမှူး (သွား/လာ) ဦးသစ်ဆန်းကလည်းကောင်း၊ မီးရထားသံလမ်းကြံ့ခိုင်ရေးများကို အငယ်တန်းအင်ဂျင်နီယာ (သံလမ်း) ဦးသန်းဇော်ကလည်းကောင်း၊ ဘူတာအဝင်အထွက်၊ အချက်ပြများနှင့် လမ်းခွဲ(ပွိုင့်)များကို အငယ်တန်းအင်ဂျင်နီယာ (အချက်ပြ/ဆက်သွယ်ရေး) ဦးဆန်းလင်းဦးတို့ကလည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။ တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမန်နေဂျာနှင့် အင်ဂျင်နီယာမှူးတို့က လိုအပ်သည်များကို ဆွေးနွေးပြီး ညောင်ဝိုင်း၊ ခမုံ၊ ဇီဖြူကုန်း၊ သာရဝေါဘူတာများသို့ ဆက်လက်စစ်ဆေးခဲ့သည်။ (၁၇၅)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။




မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်(နေပြည်တော်)ကို တွေ့ရစဉ်။

# စက်မှုနိုင်ငံတော်တည်ထောင်ရေး ပံ့ပိုးဖြည့်ဆည်းပေးနေသည့် ခိုင်မာမှန်ကန် မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်

သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်) ➤ ဓာတ်ပုံမှတ်တမ်း - ကိုထွေး ➤ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး(မြန်မာ့အလင်း)

နေပြည်တော် ဇွန် ၁၉

ယနေ့ကာလတွင် စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံအဖြစ်သို့ တက်လှမ်းနိုင်မည်ကို အားလုံးလက်ခံထားကြပြီး ဖြစ်သည်။ **'သံသေ တစ်ပြည်ဝ'** ဆိုသော ဆိုရိုးစကားသည် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် တိုင်းပြည်သာယာဝပြောနိုင်ကြောင်း ညွှန်းဆိုလျက်ရှိပေသည်။ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခြေခံလိုအပ်ချက်များမှာ အတတ်ပညာ(နည်းပညာ)၊ အရင်းအနှီး(ကုန်ကြမ်းပစ္စည်း)နှင့် လူ့စွမ်းအားအရင်းအမြစ်(ကျွမ်းကျင်သော စက်မှုလုပ်သားများ)တို့ပင် ဖြစ်သည်။ *စာမျက်နှာ ၉ ကော်လံ ၄* ✳

မြန်မာ့အလင်း ကျန်းမာရေးရာ သတင်းသုတ

## ဆန်ဖြူ ဆန်ချော စားသုံးမှုများလျှင် ဆီးချိုရောဂါ ဖြစ်ပွားစေနိုင်

ကောင်းမြတ်သူ - ရေးသားသည်

*နယူးယောက် ဇွန် ၁၉*



*ဆန်ဖြူ ဆန်ချောအစား ဂျုံကြမ်းပေါင်မုန့်ကို စားသုံးခြင်းဖြင့် ဆီးချိုရောဂါဖြစ်ပွားမှုမှ သုံးပုံတစ်ပုံ လျော့ကျနိုင်မည်ဖြစ်ကြောင်း အမေရိကန် ကျန်းမာရေးစစ်တမ်းကောက်ယူသူများက ပြောကြားသည်။*

### *ဖြစ်ပွားလာနိုင်*

*ဆန်ဖြူ ဆန်ချော များများစားသုံးခြင်းကြောင့် သွေးထဲတွင် သကြားဓာတ်များလာပြီး ဆီးချိုရောဂါဖြစ်ပွားလာနိုင်ကြောင်း ဟားဗတ်တက္ကသိုလ်မှ သုတေသီများက ပြောကြားသည်။*

*ဆန်လုံးညိုနှင့် အခြားသော ဂျုံနှင့်လုပ်သော အစားအစာများသည် ဂလူးကို့စ်ပါဝင်မှု နည်းသဖြင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအစာများဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။*

### *လေ့လာတွေ့ရှိ*

*အမေရိကန်နိုင်ငံတွင် ဆန်ဖြူ ဆန်ချော စားသုံးသော လူနှစ်သိန်းနီးပါးကို ဆီးချိုရောဂါ အဆင့်(၂)နှင့် ဆက်နွှယ်နေမှုအပေါ် အခြေခံလျက် သုတေသနပြု လေ့လာခဲ့ခြင်းဖြစ်သည်။ တစ်ပတ်လျှင် ဆန်ဖြူ ဆန်ချော ဂရမ် ၁၅၀ စားသုံးသူများထက် တစ်လ လက်ဖက်ရည်ပန်းကန် တစ်လုံးစာ စားသုံးသူများနှင့် နှိုင်းယှဉ်ကြည့်ရာ ဆန်ဖြူ ဆန်ချော စားသုံးမှုများသူမှာ ဆီးချိုဖြစ်ရန် ၁၇ ရာခိုင်နှုန်း ပိုများသည်ကို လေ့လာတွေ့ရှိရသည်ဟု ဆိုပေသည်။ //*

*အင်တာနက်*